ပြည်ထောင်စုမြန်မာနိုင်ငံတော်

# အမြတ်ခွန်ဥပဒေ

( ၁၉၉၉ ခုနှစ်၊ မတ်လအထိ ပြင်ဆင်ပြီး )

# မာ တိ ကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | အခန်း (၁) | |
| | အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက် | ၂ |
| ၃ | အခန်း (၂) | |
| | အခွန်ပေးဆောင်ရန် တာဝန်ရှိစေခြင်း | ၄ |
| ၄ | အခန်း (၃) | |
| | တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၇ |
| ၅ | အခန်း (၄) | |
| | ဝင်ငွေရရှိချိန်၌ အခွန်ပေးသွင်းခြင်း | ၁၀ |
| ၆ | အခန်း (၅) | |
| | ကြေညာလွှာပေးပို့ခြင်း | ၁၁ |
| ၇ | အခန်း (၆) | |
| | စည်းကြပ်ခြင်းနှင့် ပြန်အမ်းခြင်း | ၁၂ |
| ၈ | အခန်း (၇) | |
| | ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးခြင်း | ၁၄ |
| ၉ | အခန်း (၈) | |
| | စည်းကြပ်ခြင်း သို့မဟုတ် ပြန်လည်စည်းကြပ်ခြင်း | ၁၅ |
| ၁၀ | အခန်း (၉) | |
| | အယူခံခြင်း | ၁၆ |
| ၁၁ | အခန်း (၁၀) | |
| | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၁၈ |
| ၁၂ | အခန်း (၁၁) | |
| | အခွန်အရ ကောက်ခံခြင်း | ၂၀ |

၁၃ အခန်း (၁၂)
ကြီးကြပ်ခြင်း ၂၁
၁၄ အခန်း (၁၃)
အထွေထွေ ၂၂
အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေများအရ ပြင်ဆင်/အစားထိုး/
ဖြည့်စွက်ချက်များအား ဖော်ပြသည့်ဇယား

# အမြတ်ခွန်ဥပဒေ

( ၁၉၇၆ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၄ )

---

* နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၇/၈၉ ဖြင့် ၁၉၇၆ ခုနှစ် အမြတ်ခွန်ဥပဒေ၏ နိဒါန်းကို ပယ်ဖျက်သည်။၁၉၈၉-၉၀ စည်းကြပ်နှစ်မှ စတင်၍ အကျိုးသက် ရောက်သည်။

## အခန်း (၁)

## အမည် ၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို အမြတ်ခွန်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော် တဝန်းလုံးတွင် ၁၉၇၆-၇၇ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက် စေရမည်။

* (က) အခွန်ဆိုသည်မှာ ဤဥပဒေအရ ငွေဖြင့်ဖြစ်စေ၊သီးနှံဖြင့်ဖြစ်စေ၊ကုန်ပစ္စည်းဖြင့်ဖြစ်စေ ပေးဆောင်ရမည့် အခွန်ကို ဆိုသည်။

(ခ) အခွန်ထမ်းဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့်သူတစ်ဦးကိုဆိုသည်။

(ဂ) စည်းကြပ်ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်သတ်မှတ်ခြင်းကိုဆိုသည်။

(ဃ) ကြေညာလွှာဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့် အခွန်ထမ်းက နှစ်တစ်နှစ်အတွင်း မိမိ၏ဝင်ငွေကို ဖော်ပြသည့် ပုံစံကို ဆိုသည်။

(င) စည်းကြပ်မှုအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ကို စည်းကြပ်ကောက်ခံရန် ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။

(စ) အယူခံအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ အယူခံများကို လက်ခံဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။

(ဆ) ကုန်းပေါ်ရောက်တန်ဖိုး ဆိုသည်မှာ ပြည်ပမှ တင်သွင်းသော ပစ္စည်းအပေါ် အကောက်ခွန်ဥပဒေများ အရ သတ်မှတ်သည့်တန်ဖိုး၊ယင်းပစ္စည်းအပေါ်စည်းကြပ်သည့် အကောက်ခွန်နှင့် ကုန်ချစရိတ်တို့ ပေါင်းစပ်ရရှိသော ငွေကိုဆိုသည်။

(ဇ) အခြေပစ္စည်း ဆိုသည်မှာ မြေ၊အဆောက်အဦ၊ယာဉ်နှင့်လုပ်ငန်းဆိုင်ရာမတည်ပစ္စည်းကို ဆိုသည်။

(ဈ) အခြေပစ္စည်းမှ မြတ်စွန်းငွေဆိုသည်မှာ အခြေပစ္စည်းကိုရောင်းချခြင်း၊လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း ပြုလုပ်၍ ရရှိသော မြတ်စွန်းငွေကို ဆိုသည်၊လွှဲပြောင်းခြင်းဆိုရာ၌ အမွေဆက်ခံခြင်းနှင့် အဖိုးစားနားမပါဘဲ မေတ္တာဖြင့် ပေးကမ်းခြင်း၊လှူဒါန်းခြင်းတို့မပါဝင်စေရ၊

(ည) နှစ်ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကိုဆိုသည်။

(ဋ) ဝင်ငွေနှစ်ဆိုသည်မှာ ဝင်ငွေရရှိသည့်နှစ်ကို ဆိုသည်။

(ဌ) စည်းကြပ်နှစ်ဆိုသည်မှာ ဝင်ငွေနှစ်နှင့် တဆက်တည်းဖြစ်သော နောက်နှစ်ကိုဆိုသည်။

(ဍ) ဇယားဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲဇယားကိုဆိုသည်။

---

* ၁၉၈၇ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၄ဖြင့် အစားထိုးသည်။ ၂၈-၁၀-၈၇ နေ့မှစ၍ အကျိုးသက်ရောက်သည်။

## အခန်း (၂)
## အခွန်ပေးဆောင်ရန် တာဝန်ရှိစေခြင်း

၄။ (က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်ပေးဆောင်ရန် သတ်မှတ်ထားသောဝင်ငွေရှိပါက ဇယား၌ ဖော်ပြထားသည့်အတိုင်း အခွန်ပေးဆောင်ရန် တာဝန်ရှိသည်။

(ခ) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော အခြေပစ္စည်းမှ မြတ်စွန်းငွေရှိပါက ဇယား၌ဖော်ပြထားသည့်အတိုင်း အခွန် ပေးဆောင်ရန် တာဝန်ရှိသည်။

(ဂ) မည်သူမဆို ပြည်ပမှ ပစ္စည်းတင်သွင်းလျှင် ယင်းပစ္စည်း၏ ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် ဇယား၌ ဖော်ပြထားသည့်အတိုင်း အခွန်ပေးဆောင်ရန် တာဝန်ရှိသည်။

(ဃ) မည်သူမဆို အခကြေးငွေယူသောဖျော်ဖြေမှုကို တာဝန်ယူကျင်းပလျှင် ဇယား၌ ဖော်ပြထားသည့် အတိုင်း အခွန်ပေးဆောင်ရန် တာဝန်ရှိသည်။

(င) မည်သူမဆို ဆားထုတ်လုပ်လျှင် ဇယား၌ ဖော်ပြထားသည့်အတိုင်း အခွန်ပေးဆောင်ရန် တာဝန်ရှိသည်။

* (စ) ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့်ဥပဒေအရမှတ်ပုံတင်၍လက်ကားရောင်းဝယ်သည့် ပုဂ္ဂလိက လုပ်ငန်းရှင်သည် ငွေဖြင့်ဖြစ်စေ၊ သီးနှံဖြင့်ဖြစ်စေ၊ ကုန်ပစ္စည်းဖြင့်ဖြစ်စေ ဝန်ကြီးအဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့်နှုန်းထားနှင့်နည်းလမ်းအတိုင်း အခွန်ပေးဆောင်ရန် တာဝန် ရှိသည်။ဝန်ကြီးအဖွဲ့သည်အခွန်နှုန်းထားကိုပြည်သူ့လွှတ်တော်အစည်းအဝေးသို့တင်ပြပြဌာန်းမည့် နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေတွင် ထည့်သွင်းဖော်ပြရမည်။

** (ဆ) ပုဒ်မခွဲ (ခ) ၊ (ဂ) ၊ (ဃ)၊ (င) သို့မဟုတ် ပုဒ်မခွဲ (စ)အရ အခွန်ကျသင့်ပြီးပါက ပုဒ်မခွဲ (က) အရ အခွန်ကျသင့်ပြီးပါက ပုဒ်မခွဲ (က) အရ အခွန်ထပ်မံမကျသင့်စေရ။

---

* ၁၉၇၈ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၄ဖြင့် အစားထိုးသည်။ ၂၈-၁၀-၈၇ နေ့မှစတင် အကျိုးသက် ရောက်သည်။

** ၁၉၈၇ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၄ ဖြင့် ဖြည့်စွက်သည်။ ၂၈-၁၀-၈၇ နေ့မှစတင် အကျိုး သက်ရောက်သည်။

၅။ (က) အောက်ပါသူတစ်ဦး၊ သို့မဟုတ် ဝင်ငွေတစ်ရပ်အား အခွန်ကျသင့်စေခြင်း၊အခွန်စည်းကြပ် ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ဤဥပဒေအရ ဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာ ဥပဒေများအရသာ ဆက်လက်ဆောင်ရွက်ရမည် -

(၁) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊
(၂) သမဝါယမအသင်း၊ ယင်းအသင်းစုနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊
(၃) နိုင်ငံတော်က ကမကထပြုသော လုပ်ငန်းတစ်ရပ်ရပ်၌ အထူးခွင့်ပြုချက်ဖြင့်ပါဝင်ဆောင်ရွက်သည့် နိုင်ငံခြားသားတစ်ဦး၊
(၄) လစာဝင်ငွေ၊
(၅) ပြည်ပနေနိုင်ငံခြားသား
(၆) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်ရရှိသောဝင်ငွေ၊

**(၇) ကုမ္ပဏီ

**(၈) ပြည်တွင်းနေနိုင်ငံခြားသား

**(၉) ပုဒ်မခွဲငယ် (၁) ၊(၂)၊ (၃)၊ (၅)၊ (၇) သို့မဟုတ် (၈)တို့နှင့် အစုစပ် သို့မဟုတ် ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း။

(ခ) အောက်ပါဝင်ငွေအမျိုးအစားများအပေါ် ဤဥပဒေအရ အခွန်မကျသင့်စေရ -

(၁) ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်း တစ်ခုခုက ရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများ အတွက် သက်သက် အသုံးပြုသောဝင်ငွေ၊

(၂) စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေ၊

(၃) ငွေစုဆောင်းမှုနှင့် စပ်လျဉ်း၍ စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းသည့် ရငွေတစ်ရပ်ရပ်၊

(၄) ပင်စင်မှ ပြောင်းလဲ၍ ရသောငွေ၊

(၅) သေဆုံး၍ ၊သို့မဟုတ် ဒဏ်ရာရ၍ ရရှိသည့် လျော်ကြေး၊

(၆) အာမခံပေါ်လစီအတွက် ထုတ်ပေး၍ ရရှိသည့်ငွေ၊

---

** နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၇/၈၉ဖြင့် ပုဒ်မခွဲငယ်(၇)(၈)နှင့်

(၉)တို့ကို ဖြည့်စွက်သည်၊ ၁၉၈၉-၉၀ စည်းကြပ်နှစ်မှ စတင်၍ အကျိုးသက်ရောက်သည်။

(၇) အဖန်တလဲလဲမဟုတ်ဘဲ တခါတရံ ရရှိသည့်ငွေ၊

သို့သော်အောက်ပါတို့ မပါဝင်-

(ကက) အခြေပစ္စည်းမှ မြတ်စွန်းငွေ

(ခခ) လုပ်ငန်းတစ်ရပ်ရပ်မှ ရရှိသည့်ဝင်ငွေ၊

*(၈) အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း၊ကုမ္ပဏီ၊အသင်း၊သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ အမြတ်ဝေစု။

** (ဂ)နိုင်ငံတော်အဖွဲ့အစည်းအဆင့်ဆင့်က ကမကထ ပြုသော သို့မဟုတ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဤပုဒ်မခွဲပါ ကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ယင်းကိစ္စများဆိုင်ရာ ရန်ပုံငွေတစ်ရပ်ရပ်သို့ လှူဒါန်းထည့်ဝင်ငွေကို စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် အခွန်တွက်ချက်ရမည်။သို့ရာတွင် ယင်းသို့ နုတ်ပယ်သည့်ငွေသည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့်ညီမျှသောငွေ ထက်မပိုစေရ။

**ရှင်းလင်းချက်။** ကုသိုလ်ရေးဆိုရာတွင်ပညာရေး၊ကျန်းမာရေး၊ဆင်းရဲနွမ်းပါးသူများအား ကယ်ဆယ်စောင့်ရှောက်ရေး စသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ ပေးကမ်းခြင်းများ ပါဝင်သည်။

---

* နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေ အမှတ် ၇/၈၉ ဖြင့် ပုဒ်မ ၅ ပုဒ်မခွဲ (ခ) တွင် ပုဒ်မခွဲငယ် (၈)ကို အစားထိုးသည်။၁၉၈၉-၉၀ စည်းကြပ်နှစ်မှ စတင်၍ အကျိုးသက်ရောက်သည်။

** နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေ အမှတ် ၇/၉၁ ဖြင့် ပုဒ်မခွဲ (ဂ)ကို ဖြည့်စွက်သည်။ ၁၉၉၁-၉၂ စည်းကြပ်နှစ်မှ စတင်၍ အကျိုးသက်ရောက်သည်။

## အခန်း (၃)

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မိမိနှင့် သက်ဆိုင်ရာ ဒေသအတွင်းရှိ အခွန်ပေးဆောင်ထိုက်သူများ၏ စာရင်းကို သတ်မှတ်ထားသော ပုံစံဖြင့် ပြုစု၍ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ ပေးပို့ရမည်။

၇။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် အခွန်ထမ်းများထံမှ အခွန်စည်းကြပ် ကောက်ခံခြင်း လုပ်ငန်းကို ကြီးကြပ်ရန် တာဝန်ရှိသည်။

၈။ ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် အခွန်စည်းကြပ် ကောက် ခံမှုနှင့် စပ်လျဉ်း၍ အခွန်ထမ်းက တင်သွင်းသော အယူခံကို လက်ခံဆောင်ရွက်ခြင်းလုပ်ငန်းကို ကြီးကြပ်ရန် တာဝန်ရှိသည်။

၉။ ဗဟိုအယူခံအဖွဲ့သည် ပြည်နယ် သို့မဟုတ် တိုင်းအဆင့်မှ ဆုံးဖြတ်ခဲ့သော အယူခံ အမိန့်နှင့် စပ်လျဉ်း၍ အခွန်ထမ်းကတင်သွင်းသော အယူခံကို လက်ခံဆောင်ရွက်ရမည်။

၁၀။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီကို အလုပ်အမှုဆောင်အဖွဲ့သည် အခွန်ပေး ဆောင်ထိုက်သူများ၏ စာရင်းကို ပြုစုရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ ဝင် ၃ဦးပါဝင်သော စာရင်းပြုစုရေး အဖွဲ့ များကို လိုအပ်သလို ဖွဲ့စည်း တာဝန် ပေးအပ်ရမည်။

(ခ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် အခွန်စည်းကြပ်ကောက်ခံရန် မြို့နယ်ပြည်သူ့ကောင်စီဝင် ၃ ဦးစီး ပါဝင်သော စည်းကြပ်မှုအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဂ) ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည်အယူခံများကို လက်ခံဆောင်ရွက်ရန် ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီဝင် ၃ ဦးစီးပါဝင်သော အယူခံအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

* (ဃ) အစိုးရအဖွဲ့သည် အယူခံများကို လက်ခံဆောင်ရွက်ရန် ပုဂ္ဂိုလ် ၃ ဦးစီပါဝင်သော ဗဟို အယူခံအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(င) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်း၊ အယူခံခြင်း တို့နှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ထမြောက်အောင်မြင်စေ ရန်နှင့် ထိရောက်စေရန် တာဝန်ယူ အကောင်အထည်ဖော်ရမည်။

၁၁။ (က) မြို့နယ်အခွန်မှူး၏ တာဝန်ဝတ္တရားများသည် အောက်ပါအတိုင်း ဖြစ်သည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ပေးပို့သော အခွန်ပေးဆောင်ထိုက်သူများ၏ စာရင်းကို အဆုံးအဖြတ်ပေးနိုင်ရန် ဆိုင်ရာစည်းကြပ်မှုအဖွဲ့သို့ ပြုစုတင်ပြခြင်း။

(၂) အခွန်ပေးဆောင်ထိုက်လျက်နှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့မှ ပေးပို့သော စာရင်းတွင် ပါဝင်ခြင်း မရှိသူများနှင့် တွေ့ရှိက အဆုံးအဖြတ်ပေးနိုင်ရန် စည်းကြပ်မှုအဖွဲ့သို့ အဆုံးအဖြတ်ပေးနိုင်ရန် စည်းကြပ်မှုအဖွဲ့သို့ စာရင်းပြုစုတင်ပြခြင်း၊

(၃) စည်းကြပ်မှုအဖွဲ့က တောင်းခံသည့်အခါ နည်းနာဆိုင်ရာ အကြံများပေးခြင်း၊

(၄) ဤဥပဒေအရ ကြားနာခြင်း၊ဖြေရှင်းခွင့်ပေးခြင်းနှင့် အမိန့်ချမှတ်ခြင်းတို့မှအပ လိုအပ်သည့် အခြားကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊

(ခ) ပြည်နယ် သို့မဟုတ် တိုင်း အခွန်မှူး၏ တာဝန်ဝတ္တရားများသည် အောက်ပါအတိုင်း ဖြစ်သည်-

(၁) သက်ဆိုင်ရာ စည်းကြပ်မှုအဖွဲ့များ၏ အမိန့်များကို မကျေနပ်၍ တင်သွင်းသော အယူခံ ကို အဆုံးအဖြတ်ပေးနိုင်ရန် ဆိုင်ရာ အယူခံအဖွဲ့သို့ တင်ပြခြင်း၊

(၂) အယူခံအဖွဲ့က တောင်းခံသည့်အခါ နည်းနာဆိုင်ရာ အကြံများပေးခြင်း၊

(၃) ဤဥပဒေအရ ကြားနာခြင်း၊ ဖြေရှင်းခွင့်ပေးခြင်းနှင့် အမိန့်ချမှတ်ခြင်းတို့မှအပ လိုအပ်သည့် အခြားကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

---

* နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေ အမှတ် ၇/၈၉ ဖြင့် ပုဒ်မခွဲ (ဃ)ကို အစား ထိုးသည်။ ၁၉၈၉-၉၀ စည်းကြပ်နှစ်မှ စတင် အကျိုးသက်ရောက်သည်။

## အခန်း (၄)

## ဝင်ငွေရရှိချိန်၌ အခွန်ပေးသွင်းခြင်း

၁၂။ (က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော ဝင်ငွေရှိလျှင် ယင်းနှစ်အတွင်း အခွန်ကို ပေးသွင်းရမည်။

(ခ) မည်သူ့အားမဆို နှစ်တစ်နှစ်အတွင်း အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော ဝင်ငွေရှိ သည်ဟု ယူဆလျှင် ယင်းနှစ်အတွင်း အခွန်ကို စည်းကြပ်မှုအဖွဲ့က တောင်းခံနိုင်သည်။

၁၃။ မည်သူမဆို ဝင်ငွေနှစ်အတွင်း မိမိရရှိမည့်ဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ဇယား၌ ဖော်ပြထား သည့်အတိုင်း ကျသင့်သောငွေကို ပေးသွင်းရမည်။ယင်းအခွန်ကို လစဉ် သို့မဟုတ် ၃လ တစ်ကြိမ် အရစ်ဖြင့် ပေးသွင်းရမည်။

## အခန်း (၅)

## ကြေညာလွှာပေးပို့ခြင်း

၁၄။ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်ပေးဆောင်ရန် သတ်မှတ်ထားသောဝင်ငွေရှိလျှင် ထိုနှစ် အတွက် မိမိ၏ ဝင်ငွေကြေညာလွှာကို သတ်မှတ်သည့်ပုံစံဖြင့် နှစ်ကုန်ဆုံးပြီး ၃လအတွင်း သက်ဆိုင်ရာ စည်းကြပ်မှု အဖွဲ့သို့ ပေးပို့ရမည်။ယင်းကြေညာလွှာတွင် မှားယွင်းချက်ရှိလျှင် စည်းကြပ်မှုမပြုလုပ်မီ ပြင်ဆင်ခွင့်ရှိ သည်။

၁၅။ မည်သူ့အားမဆို နှစ်တစ်နှစ်အတွင်း အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော ဝင်ငွေရှိသည်ဟု ယူဆလျှင် ဝင်ငွေကြေညာလွှာပေးပို့ရန် စည်းကြပ်မှုအဖွဲ့က အကြောင်းကြားနိုင်သည်။

## အခန်း (၆)

## စည်းကြပ်ခြင်း နှင့် ပြန်အမ်းခြင်း

၁၆။ စည်းကြပ်မှုအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့မှ ပေးပို့သော စာရင်းကိုလည်းကောင်း၊အခွန်ထမ်းထံမှ ရရှိထားသော ဝင်ငွေကြေညာလွှာကိုလည်းကောင်း၊ အခြားရရှိထားသော သတင်းအချက်အလက်များကိုလည်းကောင်း အခြေပြု၍ အခွန်ထမ်းပေးဆောင်ရမည့် အခွန်ကို ခန့်မှန်းစည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူ့အားမဆို ခေါ်ယူစစ်ဆေးနိုင်သည်။ လိုအပ်သည့် သတင်းအချက်အလက်များကိုလည်း တောင်းယူနိုင်သည်။

၁၇။ ဝင်ငွေနှစ်အတွင်း စည်းကြပ်မှုပြုလုပ်ရန် လိုအပ်သော အောက်ပါတို့နှင့် စပ်လျဉ်း၍ ဝင်ငွေနှစ်ကုန်ဆုံးပြီးသည့်အချိန်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ အခွန်စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ သီးခြားသတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။ယင်းတို့အား စည်းကြပ်ရာတွင် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွင်း တည်ဆဲအခွန်နှုန်းများဖြင့် တွက်ချက်တောင်းခံရမည် -

(က) ပြည်ပသို့ အလုပ်လုပ်ရန်သော်လည်းကောင်း ၊အပြီးအပိုင်သော်လည်းကောင်း ထွက်ခွာမည့်သူ၊

(ခ) လုပ်ငန်းရပ်စဲသူ၊

(ဂ) အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိသူ၊

(ဃ) ပြည်ပမှ ပစ္စည်းတင်သွင်းသူ၊

(င) အခကြေးငွေယူသော ဖျော်ဖြေမှုကို တာဝန်ယူကျင်းပသူ၊

(စ) ဆားထုတ်လုပ်သူ၊

* (ဆ) ပုဒ်မ ၄ ပုဒ်မခွဲ (စ) နှင့် အကျုံးဝင်သူ။

၁၈။ မည်သည့်နှစ်အတွက်မဆို အခွန်ထမ်းပေးဆောင်ခဲ့သော အခွန်သည် ဤဥပဒေအရ အမှန်ပေး ဆောင်အပ်သည့်ငွေထက် ပိုနေကြောင်း ထိုသူက အထောက်အထားနှင့် ပြနိုင်လျှင်သော်လည်းကောင်း စည်းကြပ်မှုအဖွဲ့က တွေ့ရှိလျှင်သော်လည်းကောင်း ယင်းပိုငွေကို ပြန်အမ်းရမည်။ အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာရရှိသည့်နေ့ရက်မှ တစ်နှစ် အတွင်းသာ တောင်းဆိုခွင့်ရှိသည်။

---

* ၁၉၈၇ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၄ ဖြင့် ဖြည့်စွက်သည်။ ၂၈-၁၀-၈၇ နေ့မှစတင် အကျိုးသက်ရောက်သည်။

# အခန်း (၇)

## ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးခြင်း

၁၉။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် နိုင်ငံတော်၏ အကျိုးငှာဝင်ငွေတစ်ရပ်ရပ် အတွက်ဖြစ်စေ၊ အခွန်ထမ်းတစ်ဦးဦးအတွက်ဖြစ်စေ လိုအပ်လျှင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။ ယင်းသို့ဆောင်ရွက်ချက်ကို အနီးကပ်ဆုံး ဝန်ကြီးအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ဝန်ကြီးအဖွဲ့ကလည်း အခါအားလျော်စွာ နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

## အခန်း (၈)

## စည်းကြပ်ခြင်း သို့မဟုတ် ပြန်လည်စည်းကြပ်ခြင်း

၂၀။ (က) စည်းကြပ်မှုအဖွဲ့သည် မည်သည့်နှစ်တွင်မဆို အောက်ပါအကြောင်းတစ်ခုခုနှင့် စပ်လျဉ်း၍ စည်းကြပ်နှစ်ကုန်ဆုံးပြီး ၃ နှစ်အတွင်း စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှု ပြုလုပ်နိုင်သည်-

(၁) အခွန်စည်းကြပ်ထိုက်လျက် စည်းကြပ်မှုမှ လွတ်ကင်းနေခြင်း၊

(၂) အခွန်လျော့နည်းစည်းကြပ်ခဲ့ခြင်း၊

(၃) မှတ်တမ်းမှ ပေါ်လွင် ထင်ရှားသည့် မှားယွင်းချက်ကို ပြင်ရန် လိုအပ်ခြင်း၊

သို့ရာတွင် တစ်ဦးတစ်ယောက်၏ လိမ်လည်လိုသော ရည်ရွယ်ချက်ကြောင့် စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှုပြုလုပ်ရန် လိုအပ်ကြောင်း တွေ့ရှိလျှင် သက်ဆိုင်ရာ စည်းကြပ်နှစ် ကုန်ဆုံးပြီးနောက် မည်သည့်အချိန်တွင်မဆို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး၏ ကြိုတင်ခွင့်ပြုချက်အရ စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှု ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်သည့်အခါ သက်ဆိုင်ရာ စည်းကြပ်နှစ်အတွက် ဇယား၌ ဖော်ပြထားသည့် အတိုင်းသာ အခွန်ကို တွက်ချက်တောင်းခံရမည်။

## အခန်း (၉)

## အယူခံခြင်း

၂၁။ (က) အခွန်ထမ်းက မကျေနပ်လျှင် အောက်ပါအဖွဲ့များသို့ အယူခံဝင်နိုင်သည်-

(၁) အခွန်ကျပ် ၅၀၀ ထက်ပိုလျှင် ပြည်နယ် သို့မဟုတ် တိုင်းအယူခံအဖွဲ့၊

(၂) ပြည်နယ် သို့မဟုတ် တိုင်း အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်အရ အခွန် ကျပ် ၁၀၀၀၀ ထက်ပိုလျှင် ဗဟိုအယူခံအဖွဲ့၊

(၃) အယူခံအဖွဲ့တစ်ရပ်ရပ်၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာ ပြဿနာနှင့် စပ်လျဉ်းလျှင် ပြည်သူ့တရားသူကြီးအဖွဲ့၊

(ခ) အခွန်ထမ်းသည်မိမိမကျေနပ်သည့်အမိန့်ကိုရရှိသည့်နေ့မှစ၍ တစ်လအတွင်း စည်းမျဉ်းများနှင့်အညီ အယူခံဝင်နိုင်သည်။ ကာလစည်းကမ်းသတ်တွက်ချက်ရာတွင် အောက်ပါကာလများကို ထည့်သွင်းရေတွက်ခြင်း မပြုရ -

(၁) အယူခံဝင်လိုသည့် အမိန့်မိတ္တူကူးရန် လိုအပ်သည့်ကာလ၊

(၂) အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့် တောင်းခံရယူသည့် ကာလ၊

(ဂ) ပုဒ်မခွဲ (ခ) ပါ ကာလ စည်းကမ်းသတ်ကို လုံလောက်သော အကြောင်းရှိလျှင် သက်ဆိုင်ရာ အယူခံအဖွဲ့က လျှော့ပေါ့၍ လက်ခံနိုင်သည်။

(ဃ) အယူခံဝင်လိုသူသည် အောက်ပါအတိုင်း ဆောင်ရွက်မှသာ အယူခံခွင့်ရှိသည်-

(၁) အခွန်ကိုအကြေပေးသွင်းခြင်း သို့မဟုတ်

(၂) ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြ၍ ယင်းအဖွဲ့က ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(င) အယူခံမှုကို ပြီးမြောက်အောင် ဆောင်ရွက်ရာ၌ အယူခံသူအား ပြောရေးဆိုခွင့်ပေးပြီးနောက် သင့်လျော်သောအမိန့်ကို ချမှတ်နိုင်သည်။မှတ်တမ်းမှ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်ရှိလျှင် အမိန့်ချမှတ်သည့်နေ့ရက်မှ ၃ နှစ်အတွင်း ယင်းမှားယွင်းချက်ကို ပြင်နိုင်သည်၊

(စ) အခွန်သည် ကျပ် ၅၀၀ အထိ ဖြစ်လျှင် စည်းကြပ်မှုအဖွဲ့၏ အမိန့်သည်လည်းကောင်း၊ အခွန်သည် ကျပ် ၁၀၀၀၀ အထိဖြစ်၍ ဥပဒေရေးရာ ပြသနာမပေါ်ပေါက်လျှင် ပြည်နယ် သို့မဟုတ် တိုင်း အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန်သည် ကျပ် ၁၀၀၀၀ အထက်ဖြစ်၍ ဥပဒေရေးရာ ပြသနာမပေါ်ပေါက်လျှင် ဗဟိုအယူခံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၀)

## ပြစ်မှု နှင့် ပြစ်ဒဏ်များ

၂၂။ မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ အောက်ပါပျက်ကွက်မှုတစ်ရပ်ရပ်ရှိလျှင် ထိုသူအား စည်းကြပ်မှုအဖွဲ့သည် ပျက်ကွက်မှုတစ်ရပ်စီအတွက် သက်ဆိုင်ရာ စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက် မပိုသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည် -

(က) ဝင်ငွေနှစ်အတွင်း အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊

(ခ) သတ်မှတ်ထားသော အချိန်အတွင်း ဝင်ငွေကြေညာလွှာ ပေးပို့ရန် ပျက်ကွက်ခြင်း၊

(ဂ) စည်းကြပ်မှုအဖွဲ့က စစ်ဆေးရန် အကြောင်းကြားခေါ်ယူခြင်းကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ဃ) အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော သို့မဟုတ် တိုးမြှင့်ပေးထားသော ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်း၊

၂၃။ * (က) တစ်ဦးတစ်ယောက်သောသူသည် မိမိ၏ ဝင်ငွေထိန်ချန်ကြောင်း သို့မဟုတ် ယင်းဝင်ငွေနှင့် စပ်လျဉ်းသည့် အချက်အလက်များ ထိန်ချန်ကြောင်း၊ စည်းကြပ်မှုအဖွဲ့ သို့မဟုတ် အယူခံအဖွဲ့က တွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့်အချိန်အတွင်း ယင်းတို့ကို အပြည့်အစုံ ထုတ်ဖော်ခွင့်ပေးရမည်။

** (ခ) ထိုသူသည် ခွင့်ပြုထားသည့်ကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ယင်းက ပေးဆောင်ရမည့် အခွန်အပြင် ထိန်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်၊

(ဂ) ထိုသူသည် ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် ထိန်ချန်ခဲ့သည့် ဝင်ငွေထက် လျော့နည်းထုတ်ဖော်လျှင် ပုဒ်မခွဲ (ခ) ပါအတိုင်း အခွန်နှင့်ဒဏ်ငွေ နှစ်ရပ်လုံးပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်၊တရားစီရင်ရေးအဖွဲ့မှ ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ပါက ယင်းအား ၃ နှစ်မှ ၁၀ နှစ်အထိ ထောင်ဒဏ် အပြစ်ပေးနိုင်သည်။ သို့ရာတွင် ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရဘဲ ဤပုဒ်မအရ တရားစွဲဆိုခြင်းမပြုရ၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ခွင့်ပြုချက်ပေးရန် သင့်မသင့် ဆုံးဖြတ်ရာတွင် အပြစ်ဒဏ်ပေးရေးကို ဦးတည်ချက်မထားဘဲ အခွန်ရရှိရေးကို ဦးတည်ချက်ထား၍လည်းကောင်း၊ဤဥပဒေအရ ရသင့်ရထိုက်သော အခွန်ကို မရရှိအောင် အခွန်ထမ်း၏ လိမ်လည်လိုသော ရည်ရွယ်ချက်အတိမ်အနက်ကိုလည်းကောင်း၊ဖော်ထုတ်နိုင်သည့် အခြေအနေရှိမရှိကိုလည်းကောင်း ထောက်ချင့်၍ဆုံးဖြတ်ရမည်။လိုအပ်ကဖော်ထုတ်ရန် အချိန်တိုးမြှင့် ပေးနိုင်သည်၊ဝန်ကြီးအဖွဲ့သည်ဤကိစ္စအတွက် လိုအပ်သောစည်းမျဉ်းများ၊ စည်းကမ်းများကို ထုတ်ပြန်ရမည်။

၂၄။ မည်သူမဆို ဤဥပဒေကို အကြောင်းပြု၍ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ထိုသူအား သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ၃ နှစ်မှ ၇ နှစ် အထိ ထောင်ဒဏ်ကျခံစေရမည် -

(က) လာဘ်ပေး၊ လာဘ်ယူပြုလုပ်ခြင်း၊

(ခ) လာဘ်ပေး၊ လာဘ်ယူပြုလုပ်ရန် အားထုတ်ခြင်း၊

(ဂ) လာဘ်ပေး၊ လာဘ်ယူပြုလုပ်ရန် အားပေးအားမြှောက်ပြုလုပ်ခြင်း၊

(ဃ) ဤဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို အလွဲသုံးစားပြုလုပ်ခြင်း။

---

*၁၉၈၆ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် ပုဒ်မ ၂၃၏ ပုဒ်မခွဲ (က)ကို အစားထိုးသည်။

၁၉၈၆-၈၇ စည်းကြပ်နှစ်မှ စတင်အကျိုးသက်ရောက်သည်။

** ၁၉၈၆ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် ပုဒ်မ ၂၃ ၏ ပုဒ်မခွဲ (ခ) ကို အစားထိုးသည်။ ၁၉၈၆-၈၇ စည်းကြပ်နှစ်မှ စတင်အကျိုးသက်ရောက်သည်။

## အခန်း (၁၁)

## အခွန်အရ ကောက်ခံခြင်း

*၂၅။ အခွန်ထမ်းသည် သတ်မှတ်ထားသည့် အချိန်အတွင်း သို့မဟုတ် တိုးမြှင့်ပေးထားသည့် အချိန်အတွင်း အခွန်နှင့်ဒဏ်ငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် မပေးဆောင်သည့်အခွန် သို့မဟုတ် ဒဏ်ငွေကို မပြေကျန်ငွေအဖြစ်လည်းကောင်း၊သက်ဆိုင်ရာ အခွန်ထမ်းကို ပျက်ကွက်သူအဖြစ်လည်းကောင်း မှတ်ယူပြီး အဆိုပါ မပြေကျန်ငွေကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ စည်းကြပ်မှုအဖွဲ့က အရကောက်ခံရမည်။ယင်းသို့ အရ ကောက်ခံရာ၌ ဝင်ငွေခွန်ဥပဒေတွင် ပြဋ္ဌာန်းထားသော နည်းလမ်းများနှင့် လုပ်ပိုင်ခွင့်များကို စည်းကြပ်မှုအဖွဲ့က ကျင့်သုံးရမည်။

*၁၉၈၇ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၄ ဖြင့် အစားထိုးသည်။၂၈-၁၀-၈၇ နေ့မှစ၍ အကျိုးသက်ရောက်သည်။

## အခန်း (၁၂)

## ကြီးကြပ်ခြင်း

၂၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် အခွန်ပေးဆောင်ထိုက်သူ စာရင်းပြုစုရေးအဖွဲ့များ၏ ဆောင်ရွက်မှုထိရောက်စေရန် ကြီးကြပ်ရမည်၊ ယင်းအဖွဲ့များ၏ ဆောင်ရွက်မှု အခြေအနေများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးသို့ အစီရင်ခံရမည်။

၂၇။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် စာရင်းပြုစုရေးအဖွဲ့၊ စည်းကြပ်မှုအဖွဲ့များ၏ ဆောင်ရွက်မှုထိရောက်စေရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းပြုလုပ်ရမည်။စည်းကြပ်ကောက်ခံမှု အခြေအနေများကိုမြို့နယ်ပြည်သူ့ကောင်စီအစည်းအဝေးသို့အစီရင်ခံရမည်။၃လလျှင်တစ်ကြိမ်သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ အစီရင်ခံရမည်၊လိုအပ်လျှင် လိုအပ်သလို အစီရင်ခံရမည်။

၂၈။ ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် စည်းကြပ်မှုအဖွဲ့များနှင့် အယူခံအဖွဲ့များ၏ ဆောင်ရွက်မှုများကို လေ့လာစိစစ်၍ လိုအပ်သလို လမ်းညွှန်ခြင်း၊ ကြီးကြပ်ပေါင်းစပ်ညှိနှိုင်းခြင်းများ ပြုလုပ်ရမည်၊ စည်းကြပ်မှုနှင့် အယူခံအခြေအနေများကို ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အစည်းအဝေးသို့ အစီရင်ခံတင်ပြရမည်၊ ၃လလျှင် တစ်ကြိမ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးထံအစီရင်ခံရမည်။ လိုအပ်လျှင် လိုအပ်သလို အစီရင်ခံရမည်။

၂၉။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် အခွန်စည်းကြပ်ကောက်ခံခြင်း၊ ပြည်နယ် သို့မဟုတ် တိုင်းအယူခံအဖွဲ့ထံ အယူခံခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ကြီးကြပ်လမ်းညွှန်နိုင်သည်။

## အခန်း (၁၃)

## အထွေထွေ

၃၀။ စည်းကြပ်အဖွဲ့ သို့မဟုတ် အယူခံအဖွဲ့သည် ဤဥပဒေအရ ဆောင်ရွက်ရာတွင် ခိုင်လုံသော အထောက်အထားရှိပါက အောက်ပါလုပ်ပိုင်ခွင့်များရှိသည် -

(က) သက်ဆိုင်သည့် အဆောက်အဦနေရာ၊ သို့မဟုတ် လုပ်ငန်းဥပစာကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊

(ခ) သက်ဆိုင်သည့် အဆောက်အဦနေရာ၊ သို့မဟုတ် လုပ်ငန်းဥပစာတွင် စာရင်းများနှင့် စာရွက်စာတမ်းများကို သက်ဆိုင်ရာ အခွန်မှုုးအား ဝင်ရောက် ရှာဖွေစေခွင့်၊ သိမ်းဆည်းစေခွင့်၊ ကောက်နုတ်ချက်နှင့် မိတ္တူများကူးယူစေခွင့်၊ တံဆိပ်အမှတ်အသား ရိုက်နှိပ်စေခွင့်၊

(ဂ) အထက်ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင် သက်ဆိုင်သော အခွန်ထမ်း၊သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦးတို့၏ ရှေ့မှောက်တွင် ဖြစ်စေရမည်။

၃၁။ မြို့နယ်အလိုက် ကောက်ခံရရှိသည့် အခွန်အနက်မှ ဝန်ကြီးအဖွဲ့က မြို့နယ်အလိုက် သတ်မှတ်သော ရာခိုင်နှုန်းအချိုးနှင့်ညီသည့်ငွေကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေသို့ လွှဲပြောင်း ပေးသွင်းနိုင်သည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ စည်းမျဉ်းများ၊ စည်းကမ်းများကိုဝန်ကြီးအဖွဲ့ကလည်းကောင်း၊အမိန့်များ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးကလည်းကောင်း ထုတ်ပြန်နိုင်သည်။

၃၃။ (က) ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် အခွန်ထမ်းက ဝင်ငွေခွန်ဥပဒေအရ စည်းကြပ်ပေးရန် ခိုင်လုံသော အထောက်အထားဖြင့် တင်ပြလာလျှင် ထိုသူအား ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန် စည်းကြပ်ကောက်ခံရန် အမိန့်ချမှတ်နိုင်သည်။ယင်းသို့ အမိန့်ချမှတ်ခြင်းသည် တင်ပြသော အထောက်အထားများကို လက်ခံစည်းကြပ်ရန် ဖြစ်သည်ဟု မမှတ်ယူရ။

(ခ) ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် စည်းကြပ်မှုအဖွဲ့နှင့် ပြည်နယ် သို့မဟုတ် တိုင်း အယူခံအဖွဲ့က ချမှတ်သော မည်သည့်အမိန့်ကိုမဆို ယင်းအမိန့်ချမှတ်သည့်နေ့မှ ၃ နှစ်အတွင်း ပြန်လည်စိစစ်၍ သင့်လျော်သော အမိန့်ချမှတ်နိုင်သည်။

၃၄။ (က) အောက်ဖော်ပြပါဥပဒေများ၊ နည်းဥပဒေမများ၊ စည်းမျဉ်းဥပဒေများနှင့် အမိန့်များတွင် မည်သို့ပင်ပါရှိစေကာမူ အခွန်ကျသင့်စေခြင်း၊အခွန်စည်းကြပ်ကောက်ခံခြင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ၁၉၇၆-၇၇ခု ဘဏ္ဍာရေးနှစ်အတွက်မှစ၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။သို့ရာတွင် လိုင်စင်၊ခွင့်ပြုလက်မှတ်၊ သို့မဟုတ် ပါမစ်ထုတ်ပေးခြင်းကိစ္စများကို အောက်ပါတို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်-

(၁) The Burma Salt Act, 1917.
(၂) The Burma Excise Act, 1917.
(၃) The Cigarettes Duty Act, 1931.
(၄) The Matches (Excise Duty) Act, 1934.
(၅) Excisable Goods Rules, 1959.
(၆) The Sugar (Excise Duty) Act, 1934.
(၇) The Motor Spirit Duties Act, 1917.
(၈) The Petroleum Act, 1934.
(၉) The Silver (Excise Duty) Act, 1930.
(၁၀) The Chin Special Division (Extension of Laws) Act, 1948 အရ ချင်းဝိသေသတိုင်းတွင် အကျိုးသက်ရောက်သော The Petroleum Act
(၁၁) ၁၉၅၄ခုနှစ်၊ ချင်းဝိသေသတိုင်း ယစ်မျိုးနည်းဥပဒေများ၊
(၁၂) The Kachin Hill, Tribes regulation, 1895 အရ အကျိုးသက်ရောက်သော The Burma Salt Act, The Burma Excise Act, The Cigarettes Duty Act, The Matches (Excise Duty) Act.
(၁၃) The Shan States Excise Order, 1925.
(၁၄) ၁၉၅၂ ခုနှစ်၊ ရောင်းခွန်အက်ဥပဒေ၊
(၁၅) ၁၉၄၉ ခုနှစ် ဟော်တယ်နှင့်ပျော်ပွဲစားရုံခွန် အက်ဥပဒေ
(၁၆) The Entertainment Tax Act, 1947.
(၁၇) ၁၉၅၆ ခုနှစ်၊ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန် အက်ဥပဒေ၊

(ခ) ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၃၃ ပုဒ်မခွဲ (က)ပါ ကိစ္စရပ်များမှတစ်ပါး ၁၉၇၆-၇၇ စည်းကြပ်နှစ်အတွက်မှစ၍ ဤဥပဒေနှင့် အကျုံးဝင်သူများနှင့်မသက်ဆိုင်စေရ။

(ဂ) ၁၉၇၆-၇၇ ခုနှစ်မတိုင်မီနှစ်များအတွက် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသောဥပဒေများ၊ နည်းဥပဒေများ၊စည်းမျဉ်းဥပဒေများနှင့်အမိန့်များပါအာဏာပိုင်အသီးသီး၏လုပ်ပိုင်ခွင့်များကို ဤဥပဒေ၏အခန်း(၃)ပါအဆင့်တူညီသည့် လုပ်ပိုင်ခွင့်ရှိသော အဖွဲ့များက ဆောင်ရွက်နိုင်ရန် ဝန်ကြီးအဖွဲ့က လွှဲအပ်နိုင်သည်။

## *အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား

## အမြတ်ခွန်နှုန်းများ

၁။ ပုဒ်မ ၄ ပုဒ်မခွဲ(က)အရ အခွန်စည်းကြပ်ထိုက်သော အနည်းဆုံး **ဝင်ငွေသည် ကျပ် ၁၀၀၀၁ ဖြစ်သည်။ဝင်ငွေအတန်းအစား အလိုက်ကျသင့်သောအခွန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။သို့ရာတွင် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ဝင်ငွေရရှိခြင်းဖြစ်လျှင် အောက်ပါအတိုင်း ကျသင့်သော အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေကို နုတ်ပယ်ပြီး ကျန်ငွေကိုသာ ပေးဆောင်ရမည်၊ ဆေးပေါ့လိပ်ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းမှ ဝင်ငွေရရှိခြင်းဖြစ်လျှင် အောက်ပါအတိုင်း ကျသင့်သောအခွန်နှင့် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေနှစ်ရပ်ပေါင်းကို ပေးဆောင်ရမည် -

| ဝင်ငွေအတန်းအစား | | ကျသင့်သောအခွန် |
|---|---|---|
| မှ | ထိ | |
| ကျပ် | ကျပ် | ကျပ် |
| *** | | |
| ၁၀၀၀၁ | ၁၂၀၀၀ | ၃၆၀ |
| ၁၂၀၀၁ | ၁၄၀၀၀ | ၅၄၀ |
| ၁၄၀၀၁ | ၁၆၀၀၀ | ၇၅၆ |

---

* ၁၉၈၆ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယားကို အစားထိုးသည်။၁၉၈၆-၈၇ စည်းကြပ်နှစ်မှ စတင်အကျိုးသက်ရောက်သည်။

** နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၇/၉၁ ဖြင့် အမြတ်ခွန် ဥပဒေ၏ နောက်ဆက်တွဲဇယား အပိုဒ် ၁တွင် ပါရှိသော အနည်းဆုံး ဝင်ငွေ'ကျပ် ၈၀၀၁' ဆိုသည့် စကားရပ်ကို 'ကျပ် ၁၀၀၀၁' ဆိုသည့် စကားရပ်ဖြင့် အစားထိုးသည်၊

၁၉၉၁-၉၂ စည်းကြပ်နှစ်မှစ၍ အကျိုးသက်ရောက်သည်။

*** နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၇/၉၁ ဖြင့် အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား အပိုဒ် ၁ အောက်ရှိ ဝင်ငွေအတန်းအစားအလိုက် ကျသင့်သော အခွန်ဇယားပါ ဝင်ငွေ 'ကျပ် ၈၀၀၁ မှ ၁၀၀၀၀ ထိကျသင့်သော အခွန် ကျပ် ၂၄၀' ဆိုသည့် စကားရပ်များကို ပယ်ဖျက်သည်၊ ၁၉၉၁-၉၂ စည်းကြပ်နှစ်မှ စ၍ အကျိုးသက်ရောက်သည်။

| ဝင်ငွေအတန်းအစား | | ကျသင့်သောအခွန် |
|---|---|---|
| မှ | ထိ | |
| ကျပ် | ကျပ် | ကျပ် |
| ၁၆၀၀၁ | ၁၈၀၀၀ | ၁၀၄၄ |
| ၁၈၀၀၁ | ၂၀၀၀၀ | ၁၃၅၆ |
| ၂၀၀၀၁ | ၂၂၀၀၀ | ၁၆၈၀ |
| ၂၂၀၀၁ | ၂၄၀၀၀ | ၂၁၀၀ |
| ၂၄၀၀၁ | ၂၆၀၀၀ | ၂၅၈၀ |
| ၂၆၀၀၁ | ၂၈၀၀၀ | ၃၀၆၀ |
| ၂၈၀၀၁ | ၃၀၀၀၀ | ၃၆၂၄ |
| ၃၀၀၀၁ | ၃၂၀၀၀ | ၄၀၀၈ |
| ၃၂၀၀၁ | ၃၄၀၀၀ | ၅၁၃၆ |
| ၃၄၀၀၁ | ၃၆၀၀၀ | ၅၉၄၀ |
| ၃၆၀၀၁ | ၃၈၀၀၀ | ၆၇၄၄ |
| ၃၈၀၀၁ | ၄၀၀၀၀ | ၇၅၉၆ |
| ၄၀၀၀၁ | ၄၂၀၀၀ | ၈၆၀၄ |
| ၄၂၀၀၁ | ၄၄၀၀၀ | ၉၆၉၆ |
| ၄၄၀၀၁ | ၄၆၀၀၀ | ၁၀၈၉၆ |
| ၄၆၀၀၁ | ၄၈၀၀၀ | ၁၂၀၉၆ |
| ၄၈၀၀၁ | ၅၀၀၀၀ | ၁၃၂၉၆ |
| ၅၀၀၀၁ | ၅၅၀၀၀ | ၁၅၃၉၆ |
| ၅၅၀၀၁ | ၆၀၀၀၀ | ၁၇၇၂၇ |
| ၆၀၀၀၁ | ၆၅၀၀၀ | ၂၀၂၀၆ |
| ၆၅၀၀၁ | ၇၀၀၀၀ | ၂၂၈၃၅ |
| ၇၀၀၀၁ | ၇၅၀၀၀ | ၂၅၆၁၄ |
| ၇၅၀၀၁ | ၈၀၀၀၀ | ၂၈၅၄၃ |
| ၈၀၀၀၁ | ၈၅၀၀၀ | ၃၁၆၂၂ |
| ၈၅၀၀၁ | ၉၀၀၀၀ | ၃၄၈၅၁ |
| ၉၀၀၀၁ | ၉၅၀၀၀ | ၃၈၂၃၀ |
| ၉၅၀၀၁ | ၁၀၀၀၀၀ | ၄၁၇၅၉ |

| ဝင်ငွေအတန်းအစား | | ကျသင့်သောအခွန် |
|---|---|---|
| မှ | ထိ | |
| ကျပ် | ကျပ် | ကျပ် |
| ၁၀၀၀၀၁ | ၁၁၀၀၀၀ | ၄၅၄၄၄ |
| ၁၁၀၀၀၁ | ၁၂၀၀၀၀ | ၅၀၂၈၉ |
| ၁၂၀၀၀၁ | ၁၃၀၀၀၀ | ၅၅၂၂၅ |
| ၁၃၀၀၀၁ | ၁၄၀၀၀၀ | ၆၀၂၅၀ |
| ၁၄၀၀၀၁ | ၁၅၀၀၀၀ | ၆၅၃၆၆ |
| ၁၅၀၀၀၁ | ၁၆၀၀၀၀ | ၇၀၅၇၁ |
| ၁၆၀၀၀၁ | ၁၇၀၀၀၀ | ၇၅၈၆၇ |
| ၁၇၀၀၀၁ | ၁၈၀၀၀၀ | ၈၁၂၅၂ |
| ၁၈၀၀၀၁ | ၁၉၀၀၀၀ | ၈၆၇၂၈ |
| ၁၉၀၀၀၁ | ၂၀၀၀၀၀ | ၉၂၂၉၃ |
| ၂၀၀၀၀၁ | ၂၁၀၀၀၀ | ၉၇၅၁၈ |
| ၂၁၀၀၀၁ | ၂၂၀၀၀၀ | ၁၀၂၇၉၁ |
| ၂၂၀၀၀၁ | ၂၃၀၀၀၀ | ၁၀၈၁၁၂ |
| ၂၃၀၀၀၁ | ၂၄၀၀၀၀ | ၁၁၃၄၈၁ |
| ၂၄၀၀၀၁ | ၂၅၀၀၀၀ | ၁၁၈၈၉၈ |
| ၂၅၀၀၀၁ | ၂၆၀၀၀၀ | ၁၂၄၃၆၃ |
| ၂၆၀၀၀၁ | ၂၇၀၀၀၀ | ၁၂၉၈၇၆ |
| ၂၇၀၀၀၁ | ၂၈၀၀၀၀ | ၁၃၅၄၃၇ |
| ၂၈၀၀၀၁ | ၂၉၀၀၀၀ | ၁၄၁၀၄၆ |
| ၂၉၀၀၀၁ | ၃၀၀၀၀၀ | ၁၄၆၇၀၃ |

ဝင်ငွေကျပ် ၃၀၀၀၀၀ အထက်ရှိလျှင် ကျသင့်သောအခွန်သည် ကျပ် ၁၄၆၇၀၃ နှင့် ကျပ် ၃၀၀၀၀၀ ထက် ပိုမိုသည့် ဝင်ငွေအပေါ် ငါးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေနှစ်ရပ်ပေါင်း ဖြစ်သည်။

၂။ ပုဒ်မ ၄ ပုဒ်မခွဲ (ခ) အရ အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့် စပ်လျဉ်း၍ အခြေပစ္စည်းကို ရောင်းချလဲလှယ် သို့မဟုတ် လွှဲပြောင်းသည့် တန်ဖိုးသည် ကျပ် ၅၀၀၀၀ ထက်ပိုမိုသည့်အခါမှ အခွန်ကျသင့်စေရမည်။ကျသင့်သောအခွန်သည် အခြေပစ္စည်းမှမြတ်စွန်းငွေ၏တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်သည်။

သို့ရာတွင် ကျသင့်သောအခွန်သည် အခြေပစ္စည်းကို ရောင်းချလဲလှယ် သို့မဟုတ် လွှဲပြောင်းသည့် တန်ဖိုးငွေမှ ကျပ် ၅၀၀၀၀ နုတ်ပယ်ပြီး ကျန်ရှိသောငွေ၏ ထက်ဝက်ထက် မပိုစေရ။

၃။ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ ပြည်ပမှ တင်သွင်းသည့် ပစ္စည်းအတွက် ကျသင့်သောအခွန်သည် ယင်းပစ္စည်းကုန်းပေါ်ရောက်တန်ဖိုး၏ တစ်ဆယ်ငါးရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်သည်။

၄။ ပုဒ်မ ၄ ပုဒ်မခွဲ (ဃ)အရ အခကြေးငွေယူသော ဖျော်ဖြေမှုအတွက် ကျသင့်သော အခွန်သည် အောက်ပါအတိုင်းဖြစ်သည်-

(က) ရုပ်ရှင် သို့မဟုတ် ဗီဒီယိုပြသခြင်းဖြစ်ပါက ရငွေအားလုံး၏ လေးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေ၊

(ခ) ရုပ်ရှင် သို့မဟုတ် ဗီဒီယိုမှအပ ကျန်ဖျော်ဖြေမှုဖြစ်ပါက ရငွေအားလုံး၏ နှစ်ဆယ် ရာခိုင်နှုန်းနှင့်ညီမျှသောငွေ။

၅။ ပုဒ်မ ၄ ပုဒ်မခွဲ (င) အရ ဆားထုတ်လုပ်ခြင်းအတွက် ကျသင့်သော အခွန်သည် ထုတ်လုပ်သည့်ဆား တစ်ပိဿာလျှင် ဆယ်ပြားနှုန်းဖြင့် တွက်ချက်ရရှိသော ငွေဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

# အမြတ်ခွန်စည်းမျဉ်းများ

(၁၉၉၉ ခုနှစ် မတ်လ အထိ ပြင်ဆင်ပြီး)

# မာ တိ ကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အခန်း(၁)<br>အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် | ၁ |
| ၂ | အခန်း(၂)<br>ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန် နည်းလမ်းများ | ၁ |
| ၃ | အခန်း(၃)<br>မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန် နည်းလမ်းများ | ၃ |
| ၄ | အခန်း(၄)<br>ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန် နည်းလမ်းများ | ၆ |
| ၅ | အခန်း(၅)<br>စာရင်းပြုစုရေးအဖွဲ့က ဆောင်ရွက်ရန် နည်းလမ်းများ | ၈ |
| ၆ | အခန်း(၆)<br>စည်းကြပ်မှုအဖွဲ့က ဆောင်ရွက်ရန် နည်းလမ်းများ | ၉ |
| ၇ | အခန်း(၇)<br>စာရင်းပြုစုရေးအဖွဲ့နှင့် စည်းကြပ်မှုအဖွဲ့တို့က အခွန်ထမ်းဝင်ငွေကို ခန့်မှန်းရာတွင် လိုက်နာရမည့် နည်းလမ်းများ | ၁၀ |
| ၈ | အခန်း(၈)<br>အယူခံအဖွဲ့က ဆောင်ရွက်ရမည့် နည်းလမ်းများ | ၁၁ |
| ၉ | အခန်း(၉)<br>မြို့နယ်အခွန်မှူးက နည်းနာဆိုင်ရာအကြံပေးရာတွင် ဆောင်ရွက်ရန် နည်းလမ်းများ | ၁၂ |
| ၁၀ | အခန်း(၁၀)<br>ပြည်နယ် သို့မဟုတ် တိုင်းအခွန်မှူးက နည်းနာဆိုင်ရာ အကြံပေးရာတွင် ဆောင်ရွက်ရန် နည်းလမ်းများ | ၁၃ |
| ၁၁ | အခန်း(၁၁)<br>အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် အခွန်စည်းကြပ်ရန် နည်းလမ်းများ | ၁၃ |

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂ | အခန်း(၁၂)<br>ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေအပေါ် အခွန်စည်းကြပ်ရန် နည်းလမ်းများ | ၁၅ |
| ၁၃ | အခန်း(၁၃)<br>ပြည်ပသို့ ထွက်ခွာမည့်သူများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်း များ | ၁၅ |
| ၁၄ | အခန်း(၁၄)<br>လုပ်ငန်းရပ်စဲသူများနှင့် စပ်လျဉ်း၍ အခွန်စည်းကြပ်ရန် နည်းလမ်းများ | ၁၇ |
| ၁၅ | အခန်း(၁၅)<br>ပြည်ပမှ ပစ္စည်းတင်သွင်းသူအပေါ် စည်းကြပ်ကောက်ခံခြင်း | ၁၈ |
| ၁၆ | အခန်း(၁၆)<br>အခကြေးငွေယူသောဖျော်ဖြေမှုကိုတာဝန်ယူကျင်းပသူအပေါ် စည်းကြပ် ခြင်း | ၁၈ |
| ၁၇ | အခန်း(၁၇)<br>အခွန်ထမ်းအား ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ခွင့် | ၂၁ |
| ၁၈ | အခန်း(၁၈)<br>ဆားထုတ်လုပ်သူနှင့် စပ်လျဉ်း၍ စည်းကြပ်ရန် နည်းလမ်းများ | ၂၁ |
| ၁၉ | အခန်း (၁၈-က)<br>သီးနှံ သို့မဟုတ် ကုန်ပစ္စည်းဖြင့် အခွန်ပေးဆောင်ရန် သတ်မှတ်ထား သည့် လက်ကားမှတ်ပုံတင် ပုဂ္ဂလိက လုပ်ငန်းရှင်နှင့် စပ်လျဉ်း၍အခွန် စည်းကြပ်ကောက်ခံရန် နည်းလမ်းများ | ၂၃ |
| ၂၀ | အခန်း(၁၉)<br>အယူခံရာတွင် လိုက်နာရမည့် နည်းလမ်းများ | ၂၆ |
| ၂၁ | အခန်း(၂၀)<br>စည်းကြပ်ရာဒေသသတ်မှတ်ခြင်း | ၂၆ |
| ၂၂ | အခန်း(၂၁)<br>အခွန်ထမ်းက ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန်စည်းကြပ်ကောက်ခံရန် တင်ပြသည့်အခါ ဆောင်ရွက်ရန် နည်းလမ်းများ | ၂၇ |
| ၂၃ | အခန်း(၂၂)<br>ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းမှဝင်ငွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ဝင်ငွေနှင့် ဆေးပေါ့လိပ်လုပ်ငန်းမှ ဝင်ငွေတို့အတွက် အခွန်တွက်ချက်ရန် နည်းလမ်းများ | ၂၈ |

၂၄ အခန်း(၂၃)
မူလစည်းကြပ်မှုကို ပြုပြင်သော အယူခံအမိန့်နှင့်အညီမူလတပ်ရိုက်သည့် ဒဏ်ငွေကို ပြင်ပေးရန် နည်းလမ်းများ ၂၉
၂၅ အခန်း(၂၄)
သေဆုံးသူနှင့် တရားဝင် မစွမ်းဆောင်နိုင်သူတို့နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံရန် နည်းလမ်းများ ၂၉
၂၆ အခန်း(၂၅)
ငွေစုဆောင်းမှုနှင့် စပ်လျဉ်း၍ အခွန်မကျသင့်သည့် ရငွေများ ၂၉
၂၇ အခန်း(၂၆)
အထွေထွေ ၃၀

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

**ဝန်ကြီးအဖွဲ့**

အမိန့်ကြော်ငြာစာအမှတ် ( ၇ )

ရန်ကုန်မြို့ ၊ ၁၃၃၈ ခုနှစ် နယုန်လဆန်း ၁၃ ရက်

(၁၉၇၆ ခုနှစ် ဇွန်လ ၉ ရက်)

အမြတ်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်ရန် အလို့ငှာ ယင်းဥပဒေပုဒ်မ ၃၂ အရ အပ်နှင်းထားသော အခွင့်အာဏာကို သုံးစွဲလျက် ဝန်ကြီး အဖွဲ့သည် အောက်ပါစည်းမျဉ်းများကို ထုတ်ပြန်လိုက်သည်။

## အမြတ်ခွန်စည်းမျဉ်းများ

## **အခန်း ( ၁ )**

## **အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်**

၁။ ဤစည်းမျဉ်းများကို အမြတ်ခွန်စည်းမျဉ်းများဟု ခေါ်တွင်စေရမည်။

၂။ ဤစည်းမျဉ်းများတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) ဥပဒေဆိုသည်မှာ အမြတ်ခွန်ဥပဒေကိုဆိုသည်။

(ခ) ဤစည်းမျဉ်းများပါ ကျန်စကားရပ်များသည် အမြတ်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

## **အခန်း(၂)**

## **ရပ်ကွက်နှင့်ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန် နည်းလမ်းများ**

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မိမိနှင့်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွက် စာရင်းပြုစုရေးအဖွဲ့များ ဖွဲ့စည်းပေးရမည်။ယင်းသို့ ဖွဲ့စည်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အဖွဲ့ဝင်များသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဝင်များထဲမှ ရွေးချယ်ရမည်။

(ခ) တစ်ဖွဲ့လျှင် အဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင် ၂ဦးစီ ပါဝင်စေရမည်။

(ဂ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း စာရင်းပြုစုရမည့် လုပ်ငန်းပမာဏနှင့်အညီ အဖွဲ့ဦးရေကို လိုအပ်သလောက် ဖွဲ့စည်းပေးရမည်။

(ဃ) အဖွဲ့ဖွဲ့ခြင်းကို အမိန့်စာဖြင့် ထုတ်ပြန်ဆောင်ရွက်ရမည်။

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် လိုအပ်လျှင်လိုအပ်သလို အမိန့်စာဖြင့် စာရင်းပြုစုရေး အဖွဲ့သစ်များ ဖွဲ့စည်းခြင်း သို့မဟုတ် ယင်းအဖွဲ့ဟောင်းများကို ဖျက်သိမ်းခြင်းပြုလုပ်နိုင်သည်။

၅။ စာရင်းပြုစုရေးအဖွဲ့များ ဖွဲ့စည်းပြီးသောအခါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ရမည်။

(က) စာရင်းပြုစုရေးအဖွဲ့များက တာဝန်ယူရမည့် ဒေသများနှင့် မည်သည့် နှစ်အတွက်မဆို စာရင်းများပေးပို့ရမည့်ရက်များကို သတ်မှတ်ပေးခြင်း

(ခ) နှစ်တစ်နှစ်အတွင်းလိုအပ်လျှင် စာရင်းများထပ်မံပြုစုစေခြင်း

(ဂ) စာရင်းပြုစုရေးအဖွဲ့များ၏ စာရင်းများပြုစုသော လုပ်ငန်းများ ယင်းစာရင်းများကို ပြင်ဆင်ဖြည့်စွက်နုတ်ပယ်သော လုပ်ငန်းများယင်းစာရင်းများကို အချိန်မီပြုစုပေးပို့သော လုပ်ငန်းများထိရောက်အောင်မြင်စေရန် ကြီးကြပ်ကွပ်ကဲခြင်း

(ဃ) စာရင်းများရရှိသည့်အခါ ယင်းတို့ကို စိစစ်ခြင်း၊ လိုအပ်လျှင် ဆိုင်ရာစာရင်းပြုစုရေးအဖွဲ့နှင့်ညှိနှိုင်းခြင်း၊ ထို့နောက် မြို့နယ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ ယင်းအဖွဲ့မှ သတ်မှတ်ထားသော ရက်အတွင်း ယင်းစာရင်းများကို မှတ်ချက်ဖြင့် ပေးပို့ခြင်း

(င) စာရင်းပြုစုရေးအဖွဲ့များ၏ ဆောင်ရွက်မှုအခြေအနေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးသို့ အစီရင်ခံခြင်း

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် တစ်ဦးသည် အခွန်ပေးဆောင်ထိုက်သူဖြစ်ပါက ယင်း၏ လုပ်ငန်းတည်ရှိရာ သို့မဟုတ် ယင်း နေထိုင်ရာ ဒေသအတွက် ဖွဲ့စည်းသည့်စာရင်းပြုစုရေးအဖွဲ့တွင် မပါဝင်စေရ။

## အခန်း ( ၃ )

## မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန် နည်းလမ်းများ

၇။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် မိမိနှင့် သက်ဆိုင်သော မြို့နယ်အတွက် စည်းကြပ်မှုအဖွဲ့များ ဖွဲ့စည်းပေးရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အဖွဲ့ဝင်များကို မြို့နယ်ပြည်သူ့ကောင်စီဝင်များထဲမှ ရွေးချယ်ရမည်။

(ခ) တစ်ဖွဲ့လျှင် ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင် ၂ဦးစီပါဝင်စေရမည်။

(ဂ) သက်ဆိုင်ရာ မြို့နယ်အတွင်း အခွန်စည်းကြပ် ကောက်ခံရမည့် လုပ်ငန်း ပမာဏနှင့်အညီ အဖွဲ့ဦးရေကို လိုအပ်သလောက် ဖွဲ့စည်းပေးရမည်။

(ဃ) အဖွဲ့ဖွဲ့ခြင်းကို အမိန့်စာဖြင့် ထုတ်ပြန်ဆောင်ရွက်ရမည်။

၈။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် လိုအပ်လျှင် လိုအပ်သလို အမိန့်စာဖြင့် စည်းကြပ်မှုအဖွဲ့သစ်များ ဖွဲ့စည်းခြင်း သို့မဟုတ် ယင်းအဖွဲ့ ဟောင်းများကို ဖျက်သိမ်းခြင်း ပြုလုပ်နိုင်သည်။

၉။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များမှ ပေးပို့သော အခွန်စည်းကြပ်ထိုက်သူများစာရင်းကို မြို့နယ် အခွန်မှူးအား သက်ဆိုင်ရာ စည်းမျဉ်းများ၊ စည်းကမ်းများ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်စေ၍ ဆိုင်ရာ စည်းကြပ်မှုအဖွဲ့များသို့ တင်ပြစေရမည်။

၁၀။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် မိမိ၏ မြို့နယ်အတွင်း အခွန် စည်းကြပ်ကောက်ခံခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) စာရင်းပြုစုရေးအဖွဲ့များနှင့် စည်းကြပ်မှုအဖွဲ့များ၏ ဆောင်ရွက်မှုထိရောက် အောင်မြင်စေရန် ကြီးကြပ်ကွပ်ကဲပေးရမည်။လိုအပ်သည့် လမ်းညွှန်မှုများကို လည်း ပေးရမည်။

(ခ) စည်းကြပ်ကောက်ခံမှု အခြေအနေကို မြို့နယ်ပြည်သူ့ကောင်စီအစည်းအဝေး သို့ အစီရင်ခံရမည်။

(ဂ) ယင်းအခြေအနေကို သုံးလလျှင် တစ်ကြိမ်၊ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့ အစီရင်ခံရမည်။ လိုအပ်လျှင် လိုအပ်သလို အစီရင်ခံရမည်။

၁၁။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် မိမိမြို့နယ်အတွင်း စည်းကြပ် မှုအဖွဲ့များကို ရပ်ကွက်အလိုက်သော်လည်းကောင်း လုပ်ငန်းအလိုက်သော်လည်းကောင်း တာဝန်ချထားပေးရမည်။ တာဝန်ချထားပြီးသည့် ကိစ္စများတွင်လည်း လိုအပ်လျှင် လိုအပ်သလို လွှဲပြောင်း တာဝန်ချထားပေးနိုင်သည်။

သို့ရာတွင် လုပ်ငန်းပိုမိုထိရောက်မည်ဟု ယူဆလျှင် ဝင်ငွေပမာဏ အလိုက်သော်လည်းကောင်း၊အခြားနည်းနှင့်သော်လည်းကောင်းတာဝန်ခွဲဝေချထားပေးနိုင်သည်။လိုအပ်လျှင်မည်သည့်အခွန်ထမ်းအတွက်မဆို စည်းကြပ်မှုအဖွဲ့ကို တသီးတခြား တာဝန်ပေးနိုင်သည်။

၁၂။ စည်းကြပ်မှုအဖွဲ့ဝင်တစ်ဦးသည် အခွန်ပေးဆောင်ထိုက်သူဖြစ်ပါက ယင်း၏လုပ်ငန်းတည်ရှိရာ သို့မဟုတ် ယင်းနေထိုင်ရာဒေသအတွက် ဖွဲ့စည်းသည့်စည်းကြပ်မှုအဖွဲ့တွင် မပါဝင်စေရ။

၁၃။ စည်းကြပ်မှုအဖွဲ့မှ ချမှတ်သော အမိန့်ကို အယူခံလိုသော အခွန်ထမ်းက အခွန်အကြေပေးဆောင်ခြင်းမပြုဘဲ အယူခံဝင်ခွင့်ပြုရန် တင်ပြလာသည့်အခါ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အခွန်ထမ်းသည် အမှန်ပင် အခွန်အကြေပေးဆောင်ရန် ငွေရှိနိုင်မည့်သူ ဟုတ်-မဟုတ် စိစစ်ရမည်လိုအပ်လျှင် မည်သူအား မဆို ခေါ်ယူစစ်ဆေးနိုင်သည် ။

(ခ) အခွန်ထမ်းသည် အခွန်အကြေပေးဆောင်ရန် ငွေရှိနိုင်မည့်သူဖြစ်ကြောင်း ယူဆလျှင် အခွန်အကြေပေးဆောင်မှ ယင်းအား အယူခံခွင့်ပြုရမည်။

(ဂ) အခွန်ထမ်းသည် အခွန်အကြေပေးဆောင်ရန် ငွေအမှန်မရှိဟုယူဆလျှင် ယင်းကပေးနိုင်စွမ်းရှိသည်ဟုမြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်သောငွေကိုပေးဆောင်စေ၍ ကျန်အခွန်အတွက် အဆိုပါအဖွဲ့ကသတ်မှတ်ပေးသော အာမခံပစ္စည်းတင်သွင်းစေပြီးမှသာ အယူခံခွင့်ပြုရမည်။

(ဃ) ဤစည်းမျဉ်းအရ ချမှတ်သောအမိန့်ကို အခွန်ထမ်း၊သက်ဆိုင်ရာစည်းကြပ်မှုအဖွဲ့နှင့် အယူခံအဖွဲ့တို့ထံ မိတ္တူတစ်စောင်စီ ပေးပို့ရမည်။

၁၄။ အခွန်ထမ်းအား ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (ဂ)အရ တရားစွဲဆိုခွင့်ပြုရန် စည်းကြပ်မှုအဖွဲ့က တင်ပြသည့်အခါတွင် အောက်ဖော်ပြပါ အကြောင်းတစ်ခုခုရှိလျှင် တရားစွဲဆိုခွင့်မပြုရ -

(က)ထိန်ချန်သည်ဟု ယူဆသောဝင်ငွေသည် အခွန်ထမ်းအမှန်ရရှိခဲ့ကြောင်း တွေ့ရှိထားသည့် ဝင်ငွေနှင့် နှိုင်းယှဉ်လျှင် အချိုးအစား ပမာဏ မများခြင်း

(ခ)ကျသင့်သော အခွန်နှင့် ဒဏ်ငွေကို သတ်မှတ်ပေးသောကာလ သို့မဟုတ် လိုအပ်၍တိုးမြှင့်ပေးသောကာလအတွင်း သက်ဆိုင်သူက အကြေအလည်ပေးဆောင်ခြင်း

## အခန်း ( ၄ )

## ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန် နည်းလမ်းများ

၁၅။ ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် မိမိနှင့်ဆိုင်သောဒေသအတွက် အယူခံအဖွဲ့များ ဖွဲ့စည်းပေးရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) အဖွဲ့ဝင်များကို ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီဝင်များမှ ရွေးချယ်ရမည်။

(ခ) တစ်ဖွဲ့လျှင် အဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင် ၂ဦးစီပါဝင်စေရမည်။

(ဂ) သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းအတွင်း အယူခံမှုများ ပမာဏနှင့်အညီ အဖွဲ့ဦးရေကို လိုအပ်သလောက် ဖွဲ့စည်းပေးရမည်။

(ဃ) အဖွဲ့ဖွဲ့ခြင်းကို အမိန့်စာဖြင့် ထုတ်ပြန်ဆောင်ရွက်ရမည်။

၁၆။ ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီဝင်တစ်ဦးသည် အခွန်ထမ်းဖြစ်ပြီး မိမိအပေါ် အခွန်စည်းကြပ်မှုနှင့် စပ်လျဉ်း၍ အယူခံထားလျှင် ယင်းအယူခံအမှုကို လက်ခံဆောင်ရွက်သည့် အယူခံအဖွဲ့တွင် မပါဝင်စေရ။

၁၇။ ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် လိုအပ်လျှင် လိုအပ်သလို အမိန့်စာဖြင့်အယူခံအဖွဲ့သစ်များကိုဖွဲ့စည်းခြင်း သို့မဟုတ် ယင်းအဖွဲ့ဟောင်းများကို ဖျက်သိမ်းခြင်းပြုလုပ်နိုင်သည်။

၁၈။ ပြည်နယ်သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မိမိနှင့် ဆိုင်ရာဒေသအတွင်း အခွန်စည်းကြပ်ကောက်ခံခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စည်းကြပ်မှုအဖွဲ့များနှင့် အယူခံအဖွဲ့များ၏ ဆောင်ရွက်မှုထိရောက်အောင်မြင်စေရန် ကြီးကြပ်ကွပ်ကဲပေးရမည်။ လိုအပ်သည့်လမ်းညွှန်မှုများကိုလည်း ပေးရမည် ၊

(ခ) စည်းကြပ်ကောက်ခံမှုနှင့် အယူခံမှုများ ဆောင်ရွက်ချက် အခြေအနေကို ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအစည်းအဝေးသို့ အစီရင်ခံရမည် ၊

(ဂ) ယင်းအခြေအနေကို သုံးလလျှင် တစ်ကြိမ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသို့ အစီရင်ခံရမည်။ လိုအပ်လျှင် လိုအပ်သလို အစီရင်ခံရမည်။

၁၉။ (က) သူတစ်ဦးက ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က)အရ မိမိအား အမြတ်ခွန်ဥပဒေအရ အခွန်စည်းကြပ် ကောက်ခံခြင်းမပြုဘဲ ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်ကောက်ခံပါရန် စည်းမျဉ်း ၆၃ အရ တင်ပြလျှင်-

(၁) အခွန်ထမ်းသည် စာရင်းကိုင်နည်းစနစ်အရ မိမိ၏ ဝင်ငွေနှင့်စပ်လျဉ်း၍ လိုအပ်သော စာရင်းစာအုပ် ၊စာရွက်စာတမ်းများကို အပြည့်အစုံ ထားရှိခြင်း ရှိ-မရှိ စိစစ်နိုင်သည်၊

(၂) စာရင်းစစ်လက်မှတ်အရ စာရင်းစစ်တစ်ဦးဦးက သက်သေခံလက်မှတ်ထိုးထားသော နှစ်ချုပ်စာရင်းများ ရှိ-မရှိ စိစစ်နိုင်သည် ၊

(၃) ဝင်ငွေအပေါ် စည်းကြပ်မှုပြီးစီးခဲ့သော နောက်ဆုံးသုံးနှစ်အတွက် အခွန်ထမ်း တင်ပြသော စာရင်းများအပေါ် အခြေပြုခဲ့ခြင်း ရှိ-မရှိ စိစစ်နိုင်သည် ၊

(ခ) စည်းမျဉ်းခွဲ (က)နှင့်အညီ စိစစ်ပြီးသောအခါ တွေ့ရှိချက်အပေါ် အခြေပြု၍ ဝင်ငွေခွန်ဥပဒေအရ ၊ အခွန်စည်းကြပ်ကောက်ခံခွင့် ပြု-မပြု ကို အမိန့်ချမှတ်ရမည်။

(ဂ) စည်းမျဉ်းခွဲ (ခ)အရ ချမှတ်သောအမိန့်ကို အခွန်ထမ်းနှင့် သက်ဆိုင်ရာ စည်းကြပ်မှုအဖွဲ့သို့ မိတ္တူတစ်စောင်စီ ပေးပို့ရမည်။

(ဃ) ဤစည်းမျဉ်းအရ ချမှတ်ထားသော အမိန့်သည် သက်ဆိုင်ရာစည်းကြပ်နှစ်နှင့် ယင်းနှစ်နှင့် တစ်ဆက်တည်းဖြစ်သော နောက် ၂ နှစ်အတွက်သာ အတည်ဖြစ်စေရမည်။သို့ရာတွင် လုံလောက်သော အကြောင်းရှိလျှင် အဆိုပါကာလကို လျှော့နိုင်တိုးနိုင်သည်။

## အခန်း (၅ )

## စာရင်းပြုစုရေးအဖွဲ့က ဆောင်ရွက်ရန် နည်းလမ်းများ

၂၀။ စာရင်းပြုစုရေးအဖွဲ့များသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ တစ်နှစ်လျှင် တစ်ကြိမ် ယင်းအဖွဲ့မှ သတ်မှတ်ပေးသောနေ့ရက် မတိုင်မီ ယင်းအဖွဲ့မှ တာဝန်ချထားပေးသော ဒေသအတွင်းရှိ စည်းကြပ်ထိုက်သူများ၏ စာရင်းနှင့် ယင်းတို့၏ခန့်မှန်းဝင်ငွေကိုပြုစုပေးပို့ရမည်။ ထို့အပြင် စာရင်းပြုစုပေးပို့ပြီးသောနှစ်အတွင်း ယင်းစာရင်းကို ပြင်ဆင်ဖြည့်စွက်ရန် သို့မဟုတ် ယင်းစာရင်းမှ နုတ်ပယ်ရန်အကြောင်းပေါ်ပေါက်သည့်အခါတိုင်း လိုအပ်သည့်ပြင်ဆင်ချက်၊ ဖြည့်စွက်ချက် သို့မဟုတ် နုတ်ပယ်ချက်များကိုဆက်လက်ပေးပို့ရမည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က စာရင်းများပြန်လည်ပြုစုပေးရန် ညွှန်ကြားလျှင်လည်း စာရင်းများကို ပြန်လည်ပြုစုပေးရမည်။

၂၁။ (က) စာရင်းပြုစုရေးအဖွဲ့သည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အခွန်ပေးဆောင်ထိုက်သူများစာရင်းကို မိမိတို့ အစည်းအဝေးတင်ပြပြီး ဆုံးဖြတ်အတည် ပြုရမည်။

(ခ) စာရင်းပြုစုရေးအဖွဲ့အစည်းအဝေးတွင်အဖွဲ့ဝင် ၂ဦးတက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်။

(ဂ) အဖွဲ့ဝင်နှစ်ဦးသာ တက်ရောက်သော အစည်းအဝေးတွင် သဘောကွဲလွဲမှုမရှိဘဲ နှစ်ဦး သဘောတူညီမှသာ ဆုံးဖြတ်ချက်ချရမည်။သဘောကွဲလွဲမှုရှိပါက အဖွဲ့ဝင် သုံးဦးစုံညီသည့် အစည်းအဝေးတွင်သာ ဆုံးဖြတ်အတည်ပြုရမည်။

## အခန်း ( ၆ )

## စည်းကြပ်မှုအဖွဲ့က ဆောင်ရွက်ရန် နည်းလမ်းများ

၂၂။ (က) စည်းကြပ်မှုအဖွဲ့သည် မိမိနှင့်သက်ဆိုင်ရာ အခွန်မှူးအား အောက်ပါတို့ကို တင်ပြစေရမည်။

(၁) ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ပေးပို့သော အခွန်ပေးဆောင်ထိုက်သူများ၏ စာရင်းပါအချက်အလက်များ ၊

(၂) ဆိုင်ရာပုဂ္ဂိုလ်ထံမှ ရရှိထားသည့် ဝင်ငွေကြေညာလွှာ

(၃) ဆိုင်ရာပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ အခြားရရှိထားသော သတင်းအချက်အလက်များ၊

(၄) အပိုဒ် (၁)(၂)နှင့် (၃)တို့ကို ပေါင်းစပ်၍ သုံးသပ်ချက်၊

(၅) စာရင်းပြုစုရေးအဖွဲ့မှ ပေးပို့သော စာရင်းတွင် မပါသေးသည့် အခွန်ပေးဆောင်ထိုက်သူများနှင့် ယင်းတို့နှင့် ဆိုင်သော အချက်အလက်များ၊

(ခ) စည်းမျဉ်းခွဲ (က)ပါ အတိုင်း ဆောင်ရွက်ရာတွင် အခွန်ထမ်းတစ်ဦးစီအတွက်ဖြစ်စေ၊ အစုလိုက်အတွက်ဖြစ်စေ ခွဲ၍ ဆောင်ရွက်နိုင်သည်။

၂၃။ စည်းမျဉ်း ၂၂အရ အခွန်မှူးထံမှ လိုအပ်ချက်များ ရရှိသည့်အခါ စည်းကြပ်မှုအဖွဲ့သည် သက်ဆိုင်ရာပုဂ္ဂိုလ်၏ ဝင်ငွေနှင့် ယင်းကပေးဆောင်ရမည့်အခွန်ကို သတ်မှတ်သောအမိန့် ချမှတ်ရမည်။

သို့ရာတွင် ယင်းသို့ အမိန့်မချမှတ်မီ လိုအပ်သောနည်းနာဆိုင်ရာ အကြံဉာဏ်များကို ဆိုင်ရာ အခွန်မှူးထံမှ တောင်းခံနိုင်သည်။ထို့ပြင်လိုအပ်လျှင် မည်သူ့အားမဆို ခေါ်ယူစစ်ဆေးနိုင်သည်။လိုအပ်သည့် သတင်းအချက်အလက်များကိုလည်း တောင်းယူနိုင်သည်။ လုံလောက်သော အထောက်အထားရှိလျှင် ဥပဒေပုဒ်မ ၃၀ ပါ လုပ်ပိုင်ခွင့်များကို သုံးစွဲနိုင်သည်။

၂၄။ စည်းကြပ်မှုအဖွဲ့သည် အခွန်စည်းကြပ်မှုနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်အနည်းဆုံး နှစ်ဦးတက်ရောက်မှသာ ကြားနာစစ်ဆေးခြင်း သို့မဟုတ် အဆုံးအဖြတ်ပေးခြင်း ပြုလုပ်ရမည်။ သဘောကွဲလွဲမှုရှိလျှင် အဖွဲ့ဝင်သုံးဦးစုံညီတက်ရောက်ဆုံးဖြတ်ရမည်။

## အခန်း ( ၇ )

## စာရင်းပြုစုရေးအဖွဲ့နှင့် စည်းကြပ်မှုအဖွဲ့တို့က အခွန်ထမ်းဝင်ငွေကို ခန့်မှန်းရာတွင် လိုက်နာရမည့် နည်းလမ်းများ

၂၅။ အခွန်ထမ်း၏ဝင်ငွေကို အောက်ပါနည်းလမ်းတစ်ခုခုအရ ခန့်မှန်းသတ်မှတ်နိုင်သည် -

(က) တစ်နေ့ပျမ်းမျှရငွေ သို့မဟုတ် တစ်လပျမ်းမျှရငွေကို အခြေပြုလျက် သက်ဆိုင်ရာနှစ်အတွက် စုစုပေါင်းရငွေမှ ယင်းဝင်ငွေရရှိရန် ကုန်ကျငွေအားလုံးကို ခန့်မှန်းနုတ်ပယ်၍ ဝင်ငွေကို ခန့်မှန်းသတ်မှတ်ခြင်း ၊

(ခ) အပိုဒ် (က) ပါ အတိုင်း စုစုပေါင်းရငွေကို ခန့်မှန်း၍ လုပ်ငန်းသဘာဝအလိုက် ရရှိသော အသားတင်အမြတ် ရာခိုင်နှုန်းဖြင့် ဝင်ငွေကို ခန့်မှန်းသတ်မှတ်ခြင်း၊

(ဂ) မြေ၊ အဆောက်အဦ၊ ယာဉ် သို့မဟုတ် အခြားပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနှစ်အတွင်း ရရှိသင့်သော ငှားရမ်းခ ရငွေပေါင်းမှ ယင်းငွေရရှိရေးအတွက် ကုန်ကျသည့်စရိတ်များ နုတ်ပယ်ပြီး ဝင်ငွေကို သတ်မှတ်ခြင်း၊

(ဃ) အပိုဒ်(က) သို့မဟုတ် (ဂ)အရ ဝင်ငွေကို ခန့်မှန်းသတ်မှတ်ရာတွင် မ တည်စရိတ်နှင့် ကိုယ်ရေးကိုယ်တာစရိတ်များကို နုတ်ပယ်ပေးခြင်းမပြုရ။

(င) အပိုဒ် (က) (ခ) သို့မဟုတ် (ဂ) အရ ဝင်ငွေကို ခန့်မှန်းရာတွင် အခွန်ထမ်း၏ နေထိုင်စားသုံးမှု အဆင့်အတန်းကိုလည်း ထည့်သွင်းစဉ်းစား၍ ယင်းအဆင့်အတန်းနှင့် ခန့်မှန်းသည့် ဝင်ငွေကို နှိုင်းယှဉ်ချိန်ထိုးကြည့်နိုင်သည်။ ယင်းသို့နှိုင်းယှဉ်ချိန်ထိုးကြည့်ရာတွင် နေထိုင်စားသောက်မှုအဆင့်အတန်းသည် အပိုဒ်(က) (ခ) သို့မဟုတ် (ဂ) အရ ခန့်မှန်းထားသည့်ဝင်ငွေနှင့် မဆီလျော်အောင် မြင့်မားကြောင်း တွေ့ရှိလျှင် အခွန်ထမ်း၏ နေထိုင်စားသုံးမှု အဆင့်အတန်းအရ ဝင်ငွေကို ခန့်မှန်းသတ်မှတ်ရမည်၊

သို့ရာတွင် စည်းကြပ်မှုအဖွဲ့က အခွန်ထမ်း၏ နေထိုင်စားသုံးမှု အဆင့်အတန်းအရ ဝင်ငွေကို ခန့်မှန်းသတ်မှတ်သည့်ကိစ္စဖြစ်လျှင် ယင်းသို့ ခန့်မှန်းသတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာ အခွန်ထမ်းအား ပြောရေးဆိုခွင့်ပေးရမည် ။

၂၆။ အခွန်ထမ်း၏ အခြေပစ္စည်းမှ မြတ်စွန်းငွေကို အခန်း (၁၁) ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ဝင်ငွေရလမ်းမဖော်ပြနိုင်သည့် ဝင်ငွေကို အခန်း (၁၂)ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း တွက်ချက်သတ်မှတ်ရမည်။

၂၇။ ဤအခန်းပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် လွယ်ကူသင့်မြတ်ခြင်း မရှိသည့် ကိစ္စများတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် ဝင်ငွေရလမ်းတစ်ရပ်ရပ်အတွက် ဖြစ်စေ၊ အခွန်ထမ်း အမျိုးအစားတစ်ရပ်ရပ်အတွက်ဖြစ်စေ ဝင်ငွေခန့်မှန်းရန် လုပ်ထုံးလုပ်နည်းများကို အမိန့်ကြော်ငြာစာဖြင့် သတ်မှတ် နိုင်သည်။

## အခန်း ( ၈ )

## အယူခံအဖွဲ့က ဆောင်ရွက်ရမည့်နည်းလမ်းများ

၂၈။ အယူခံအဖွဲ့သည် အခွန်ထမ်းကပေးပို့သော အယူခံလွှာကို ရရှိသည့်အခါ ယင်းအယူခံအမှုကို ဆုံးဖြတ်နိုင်ရန် အလို့ငှာ လိုအပ်သည့်အမှုတွဲ သို့မဟုတ် စာရွက်စာတမ်းများကို စည်းကြပ်မှုအဖွဲ့ထံမှ တောင်းယူနိုင်သည်။ ဗဟို အယူခံအဖွဲ့သို့ အယူခံသည့်ကိစ္စတွင် ယင်းအဖွဲ့သည် လိုအပ်သည့် အမှုတွဲ သို့မဟုတ် စာရွက်စာတမ်းများကို ပြည်နယ် သို့မဟုတ် တိုင်း အယူခံအဖွဲ့ထံ မှလည်း တောင်းယူနိုင်သည်။

၂၉။ အယူခံအဖွဲ့သည် အယူခံမှုနှင့် စပ်လျဉ်း၍ ပြောရေးဆိုခွင့်ပေးရာတွင် အခွန်ထမ်းအား ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ရှင်းလင်းတင်ပြခွင့်ပေးရမည်။

၃၀။ အယူခံအဖွဲ့သည် အယူခံအမှုကို ဆုံးဖြတ်နိုင်ရန် အလို့ငှာ မည်သူအားမဆို ခေါ်ယူစစ်ဆေးနိုင်သည်။ လိုအပ်သည့် သတင်းအချက်အလက်များကိုလည်း တောင်းယူနိုင်သည်။ လုံလောက်သောအထောက်အထားရှိလျှင် ဥပဒေပုဒ်မ ၃၀ ပါ လုပ်ပိုင်ခွင့်များကိုလည်း သုံးစွဲနိုင်သည်။

၃၁။ အယူခံအဖွဲ့သည် အယူခံမှုနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်အနည်းဆုံး နှစ်ဦးတက်ရောက်မှသာ ကြားနာစစ်ဆေးခြင်း သို့မဟုတ် အဆုံးအဖြတ်ပေးခြင်း ပြုလုပ်ရမည်။ သဘောကွဲလွဲမှုရှိလျှင် အဖွဲ့ဝင်သုံးဦးစုံညီ တက်ရောက်ဆုံးဖြတ်ရမည်။

၃၂။ အယူခံအဖွဲ့သည် အယူခံမှုနှင့်စပ်လျဉ်း၍ မိမိချမှတ်သော အမိန့်မိတ္တူကို သက်ဆိုင်ရာ အခွန်ထမ်းနှင့် စည်းကြပ်မှုအဖွဲ့သို့ ပေးပို့ရမည်။ ဗဟို အယူခံအဖွဲ့က အမိန့်ချမှတ်ခြင်းဖြစ်လျှင် အမိန့် မိတ္တူကို ပြည်နယ် သို့မဟုတ် တိုင်းအယူခံအဖွဲ့သို့လည်း ပေးပို့ရရမည်။

## အခန်း ( ၉ )

## မြို့နယ်အခွန်မှူးက နည်းနာဆိုင်ရာ အကြံပေးရာတွင်

## ဆောင်ရွက်ရန် နည်းလမ်းများ

၃၃။ (က) မြို့နယ်အခွန်မှူးသည် စည်းကြပ်မှုအဖွဲ့ထံ အဆုံးအဖြတ်ပေးနိုင်ရန် တင်ပြရာ၌ လိုအပ်သည့် ကိစ္စတွင် နည်းနာဆိုင်ရာ အကြံများနှင့် တစ်ပါတည်း တင်ပြရမည်။ ထို့ပြင် မည်သည့်ကိစ္စနှင့် စပ်လျဉ်း၍ မဆို စည်းကြပ်မှုအဖွဲ့က တောင်းခံသည့်အခါ နည်းနာဆိုင်ရာ အကြံများ ပေးရမည် ။

(ခ) မြို့နယ်အခွန်မှူးသည် စည်းကြပ်မှုအဖွဲ့မှ ဆောင်ရွက်ချက်တစ်ခုခုနှင့် စပ်လျဉ်း၍ အကြံပေးတင်ပြရန်ရှိလျှင် ယင်းကိစ္စကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့နှင့် မိမိ၏ ဌာနဆိုင်ရာ အကြီးအကဲသို့ တင်ပြရမည်။

## အခန်း ( ၁၀ )

## ပြည်နယ် သို့မဟုတ် တိုင်းအခွန်မှူးက နည်းနာဆိုင်ရာ အကြံပေးရာတွင် ဆောင်ရွက်ရန် နည်းလမ်းများ

၃၄။ (က) ပြည်နယ် သို့မဟုတ် တိုင်းအခွန်မှူးသည် အယူခံအဖွဲ့ထံ အဆုံးအဖြတ်ပေးနိုင်ရန် တင်ပြရာ၌ လိုအပ်သည့် ကိစ္စတွင် နည်းနာဆိုင်ရာ အကြံများနှင့် တစ်ပါတည်း တင်ပြရမည်။ထို့ပြင် မည်သည့် ကိစ္စနှင့်စပ်လျဉ်း၍မဆို အယူခံအဖွဲ့က တောင်းခံသည့်အခါ နည်းနာဆိုင်ရာ အကြံများပေးရမည်။

(ခ) ပြည်နယ် သို့မဟုတ် တိုင်းအခွန်မှူးသည် အယူခံအဖွဲ့မှ ဆောင်ရွက်ချက်တစ်ခုခု နှင့်စပ်လျဉ်း၍ အကြံပေးတင်ပြရန်ရှိလျှင် ယင်းကိစ္စကို ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့် မိမိ၏ ဌာနဆိုင်ရာ အကြီးအကဲသို့ တင်ပြရမည်။

## အခန်း ( ၁၁ )

## အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် အခွန်စည်းကြပ်ရန် နည်းလမ်းများ

၃၅။ မည်သူမဆို အခြေပစ္စည်းတစ်ခုခုကို ရောင်းချ၊လဲလှယ် သို့မဟုတ် လွှဲပြောင်းခြင်းပြုလုပ်လျှင် ယင်းသို့ ပြုလုပ်သည့်တန်ဖိုးသည် နှစ်တစ်နှစ်အတွင်း ကျပ် ၅၀၀၀၀ ထက် ပိုမိုသည့်အပြင် မြတ်စွန်းငွေရှိပါက ဝင်ငွေကြေညာလွှာကို သက်ဆိုင်ရာ စည်းကြပ်မှုအဖွဲ့ထံ ပစ္စည်းကို တရားဝင် ရောင်းချ ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းသည့်နေ့မှ တစ်လအတွင်းပေးပို့ရမည်။

၃၆။ စည်းကြပ်မှုအဖွဲ့သည် မည်သူ့အားမဆို အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့် စပ်လျဉ်း၍ အခွန်ပေးဆောင်ထိုက်သည်ဟုယူဆလျှင် ယင်းမြတ်စွန်းငွေအတွက် ဝင်ငွေကြေညာလွှာ ပေးပို့ရန် အကြောင်းကြားနိုင်သည်။

၃၇။ (က) အခြေပစ္စည်းမှ မြတ်စွန်းငွေကို သတ်မှတ်ရာတွင် သက်ဆိုင်ရာ အခြေပစ္စည်းကို ရောင်းချ၊ လဲလှယ်၊ သို့မဟုတ် လွှဲပြောင်းသည့် တန်ဖိုးအပြည့်မှ အောက်ပါတို့ကို နုတ်ပယ်ပေးရမည် -

(၁) အခွန်ထမ်းက ယင်းပစ္စည်းကို ရယူခဲ့ရာတွင် အမှန်ကုန်ကျသည့် မူလတန်ဖိုး၊ယင်းတန်ဖိုးကို တိကျစွာမသိနိုင်လျှင် ဖြစ်စေ၊သက်ဆိုင်ရာ ပစ္စည်းကို အမွေဆက်ခံခြင်း သို့မဟုတ် မေတ္တာအလျှောက် ပေးကမ်းခြင်းဖြင့်ရယူခဲ့လျှင်ဖြစ်စေ၊ စည်းကြပ်မှုအဖွဲ့က ခန့်မှန်းသည့် ယင်းပစ္စည်းကို ရယူခဲ့သည့် အချိန်၌ ပေါ်ပေါက်သည့်ကာလတန်ဖိုး၊

(၂) ယင်းပစ္စည်းကိုရယူရာတွင်လည်းကောင်း၊ရောင်းချ၊လဲလှယ်၊သို့မဟုတ် လွှဲပြောင်းရာတွင်လည်းကောင်း ကုန်ကျသည့်စရိတ်များ၊

(၃) ယင်းပစ္စည်းအားဖြည့်စွက်ခြင်း၊တိုးချဲ့ခြင်း၊ သို့မဟုတ်ပြုပြင်ပြောင်းလဲခြင်းအတွက် ကုန်ကျသည့် မတည်စရိတ်များ။

(ခ) အခြေပစ္စည်းကို ရောင်းချ၊လဲလှယ်၊သို့မဟုတ် လွှဲပြောင်းသည့်အတွက် အခွန်ထမ်းဖော်ပြသော တန်ဖိုးသည် ထိုသို့ပြုလုပ်သည့်အချိန်၌ ပေါ်ပေါက်သော ယင်းပစ္စည်း၏ ကာလတန်ဖိုးထက်လုံလောက်သောအကြောင်းမရှိဘဲ လျော့နည်းနေသည်ဟု စည်းကြပ်မှုအဖွဲ့က ယူဆလျှင် ယင်းတန်ဖိုးကို ကာလတန်ဖိုးဖြင့် အစားထိုးသတ်မှတ်ရမည်။

## အခန်း ( ၁၂ )

## ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေအပေါ် အခွန်စည်းကြပ်ရန် နည်းလမ်းများ

၃၈။ သူတစ်ဦးတွင် မိမိမည်ကဲ့သို့ ရရှိခဲ့သည်ကို အတိအကျ ရှင်းလင်းမဖော်ပြနိုင်သည့် ငွေ၊ သို့မဟုတ် ပစ္စည်းတန်ဖိုးရှိကြောင်း တွေ့ရှိလျှင် အဆိုပါ ငွေ သို့မဟုတ် ပစ္စည်း၏ တန်ဖိုးကို ထိုသူ၏ဝင်ငွေအဖြစ် သတ်မှတ်စည်းကြပ်ရမည်။ထိုသို့ သတ်မှတ်စည်းကြပ်ရာတွင် ငွေဖြစ်ပါက ယင်းငွေရှိကြောင်း တွေ့ရှိသည့်နေ့တွင်လည်းကောင်း၊ ပစ္စည်းဝယ်ယူခြင်းဖြစ်ပါက ဝယ်ယူသည့်နေ့တွင် လည်းကောင်း၊ ပစ္စည်းကို တည်ဆောက်ခြင်းဖြစ်ပါက တည်ဆောက်ဆဲဖြစ်သော နှစ်များ အတွင်းတွင်လည်းကောင်း ရရှိသောဝင်ငွေဖြစ်သည်ဟု မှတ်ယူစည်းကြပ်ရမည်။

## အခန်း ( ၁၃ )

## ပြည်ပသို့ ထွက်ခွာမည့်သူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ

၃၉။ ဥပဒေနှင့်သက်ဆိုင်သူ မည်သူမဆို ပြည်ပသို့ ခေတ္တဖြစ်စေ၊ အပြီးအပိုင်ဖြစ်စေ ထွက်ခွာမည့်သူဖြစ်လျှင် ဥပဒေပုဒ်မ ၁၇ အရ မိမိ၏ စည်းကြပ်မှုများ အပြီးသတ်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာစည်းကြပ်မှုအဖွဲ့ထံ အကြောင်းကြားရမည်။

၄၀။ စည်းမျဉ်း ၃၉ အရ အကြောင်းကြားစာရရှိလျှင် အခွန်ထမ်းအတွက် စည်းကြပ်ရန် ကျန်ရှိသော စည်းကြပ်မှုအားလုံးကို ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

၄၁။ စည်းမျဉ်း ၄၀ ပါအတိုင်း စည်းကြပ်မှုများအားလုံးပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိလျှင် သက်ဆိုင်သူပြည်ပသို့ ထွက်ခွာပြီးနောက် ထိုသူအား စည်းကြပ်မှုပြုလုပ်နိုင်ရန် လိုအပ်သည်များကို ဆောင်ရွက်ထားရမည်။ ထို့ပြင် ကျသင့်မည့် အခွန်များကို ကောက်ခံရရှိနိုင်ရန် လုံလောက်သော အစီအစဉ်များကို ပြုလုပ်ထားရမည်။

၄၂။ စည်းမျဉ်း ၄၀၊ သို့မဟုတ် ၄၁ ပါအတိုင်း ဆောင်ရွက်ပြီးလျှင် သက်ဆိုင်သူအား စည်းကြပ်မှုအဖွဲ့က သတ်မှတ်ထားသော ထောက်ခံစာကို ထုတ်ပေးရမည်။ အခွန်ထမ်းသည်

ယင်းထောက်ခံစာကို သတ်မှတ်ထားသော လျှောက်လွှာဖြင့်တွဲ၍ ပြည်ပသို့ ထွက်ခွာမည့်သူများအား စိစစ်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက ယင်းကိစ္စအတွက် တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်ထံပေးပို့ရမည်။လိုအပ်ချက်များပြည့်စုံလျှင် ယင်းပုဂ္ဂိုလ်သည် အခွန်ထမ်းအား ပြည်ပသို့ ထွက်ခွာခွင့်ရှိရန်အတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် ထောက်ခံစာကို ထုတ်ပေးရမည်။

၄၃။ လိုအပ်လျှင် စည်းကြပ်မှုအဖွဲ့သည် မိမိနှင့်သက်ဆိုင်ရာဒေသအတွင်းမှ နိုင်ငံခြားသို့ ထွက်ခွာမည့်မည်သူနှင့်စပ်လျဉ်း၍မဆို ဤအခန်းပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ-

(က) အသက်တစ်ဆယ့်ရှစ်နှစ်အောက် ပုဂ္ဂိုလ်များ

(ခ) ခရီးစဉ်အရသာ ဖြတ်သန်းသွားလာခြင်းပြုသော တောက်လျှောက် လက်မှတ် ကိုင်ဆောင်သူ ခရီးသည်များနှင့် ပြည်ပမှ အပြန်လက်မှတ်ကို ရယူလာပြီး ပြည်တွင်းတွင်နေထိုင်သော စုစုပေါင်းကာလသည် ရက်ပေါင်း ကိုးဆယ်ထက် မပိုသည့် ခရီးသည်များ၊

(ဂ) မြန်မာနိုင်ငံသို့ လာရောက်တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားတိုင်းပြည်များမှ အမျိုးမျိုးသော သံတမန်များ၊ သံတမန်အဆင့်ဝင်ပုဂ္ဂိုလ်များနှင့် ယင်းတို့၏ မိသားစုများ

(ဃ) အထက်ပါ သံတမန်များ၏ ရုံးအမှုထမ်းများနှင့်ယင်းတို့၏ မိသားစုများ

(ထိုရုံးအမှုထမ်းများသည် ယင်းတို့ကိုယ်စားပြုသော တိုင်းပြည်၏ နိုင်ငံသားဖြစ်၍ ထိုနိုင်ငံအစိုးရ၏ အချိန်ပြည့်အမှုထမ်းများဖြစ်ပြီး မြန်မာနိုင်ငံတွင် အခြား အကျိုးစီးပွား ဖြစ်ထွန်းစေသည့် လုပ်ငန်းဆောင်တာကို ဆောင်ရွက်ခြင်းမပြုသူဖြစ်ရမည်။)

(င) နိုင်ငံခြား တိုင်းပြည်အစိုးရတို့၏ လုပ်ငန်းဆောင်တာများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသော အဆိုပါအစိုးရတို့၏ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များနှင့် ယင်းတို့၏ မိသားစုများ၊

(စ) နိုင်ငံတော်၏ ဖိတ်ကြားချက်အရဖြစ်စေ၊ ကုလသမဂ္ဂဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်ဖြစ်စေ၊ မြန်မာနိုင်ငံသို့ လာရောက်ကြသော ကုလသမဂ္ဂနှင့် ယင်းလက်အောက်ခံအဖွဲ့အစည်းများ၏ ဝန်ထမ်းများနှင့် ယင်းတို့၏ မိသားစုများ၊

(ဆ) ပြည်ပသို့ထွက်ခွာသွားရန် ပြည်နှင်ဒဏ်အမိန့်ပေးခြင်းခံရသူများ။

၄၄။ ဤအခန်းပါ စည်းမျဉ်းများအရ လက်တွေ့ဆောင်ရွက်ရာတွင် ခက်ခဲသည့်ကိစ္စရပ်များ၌ အခွန်ထမ်းအား ပြည်ပသို့ ထွက်ခွာခွင့်ရှိရန်အတွက် ထောက်ခံစာထုတ်ပေးရန် နည်းလမ်းများကို

ဤကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ဝန်ကြီးက တာဝန်ပေးအပ်သောသူက သတ်မှတ်ပေးနိုင်သည်။

## အခန်း ( ၁၄ )

## လုပ်ငန်းရပ်စဲသူနှင့်စပ်လျဉ်း၍ အခွန်စည်းကြပ်ရန် နည်းလမ်းများ

၄၅။ (က) အခွန်ပေးဆောင်ထိုက်သူတစ်ဦးသည် မိမိ၏ လုပ်ငန်းကို ရပ်စဲလျှင် လုပ်ငန်းရပ်စဲသည့်နှစ်အစမှ ယင်းသို့ ရပ်စဲသည့်နေ့အထိ အခွန်စည်းကြပ်ရန်ရှိသောကာလအတွက် ဝင်ငွေကြေညာလွှာ သို့မဟုတ် သက်ဆိုင်ရာ ကြေညာချက်ကို လုပ်ငန်းရပ်စဲသည့်နေ့မှ တစ်ဆယ့်ငါးရက်အတွင်း စည်းကြပ်မှုအဖွဲ့ထံ ပေးပို့ရမည်။

(ခ) သူတစ်ဦးသည် ယင်း၏ လုပ်ငန်းကိုရပ်စဲကြောင်း စည်းကြပ်မှုအဖွဲ့က တွေ့ရှိလျှင် စည်းမျဉ်းခွဲ (က)ပါ ကာလအတွက် ဝင်ငွေကြေညာလွှာ သို့မဟုတ် သက်ဆိုင်ရာ ကြေညာချက်ကို ပေးပို့ရန် အကြောင်းကြားနိုင်သည်။

(ဂ) စည်းကြပ်မှုအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ ပေးပို့သော စာရင်းများကို လည်းကောင်း၊ အခွန်ထမ်းထံမှ ရရှိထားသော စည်းမျဉ်းခွဲ (က)ပါ ကြေညာလွှာ သို့မဟုတ် ကြေညာချက်ကိုလည်းကောင်း၊ အခြားရရှိထားသော သတင်းအချက်အလက်များကို လည်းကောင်း အခြေပြု၍ စည်းမျဉ်းခွဲ (က)ပါ ကာလအတွက် ပေးဆောင်ရမည့်အခွန်ကိုခန့်မှန်းစည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူ့အားမဆို ခေါ်ယူစစ်ဆေးနိုင်သည်။ လိုအပ်သည့် သတင်းအချက်အလက်များကိုလည်း တောင်းယူနိုင်သည်။

၄၆။ လုပ်ငန်းရပ်စဲသူအား လုပ်ငန်းရပ်စဲသည့်နှစ်မတိုင်မီကာလများအတွက် အခွန်စည်းကြပ်ရန်ရှိလျှင် စည်းကြပ်မှုအဖွဲ့သည် ယင်းကာလများအတွက် စည်းကြပ်မှုများ ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

## အခန်း ( ၁၅ )

## ပြည်ပမှ ပစ္စည်းတင်သွင်းသူအပေါ် စည်းကြပ်ကောက်ခံခြင်း

၄၇။ ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၁၇ အပိုဒ် (ဃ) တို့အရ ပြည်ပမှ ပစ္စည်းတင်သွင်းသူက ယင်းပစ္စည်း၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်နှင့်တစ်ပါတည်း အကောက်ခွန်ဦးစီးဌာနက ကောက်ခံပေးရမည် ။

## အခန်း ( ၁၆ )

## အခကြေးငွေယူသော ဖျော်ဖြေမှုကို တာဝန်ယူကျင်းပသူအပေါ် စည်းကြပ်ခြင်း

၄၈။ ဖျော်ဖြေမှုကို တာဝန်ယူကျင်းပသူသည် ဖျော်ဖြေမှုကျင်းပမည့်နေ့ရက် မတိုင်မီ အနည်းဆုံး သုံးရက်ကြိုတင်၍ဖျော်ဖြေမှုကျင်းပရန် အကြောင်းကြားစာကို ပုံစံဖြင့် ဖျော်ဖြေမှုများ ကျင်းပရာ ဒေသနှင့်ဆိုင်သော စည်းကြပ်မှုအဖွဲ့ထံ ပေးပို့ရမည်။သို့ရာတွင် လုံလောက်သော အကြောင်းရှိလျှင် ယင်းကာလကို စည်းကြပ်မှုအဖွဲ့က လျှော့ပေါ့၍ လက်ခံနိုင်သည်။ ရုပ်ရှင်ပြသမှုဖြစ်ပါက ရုပ်ရှင်ကား ပြောင်းလဲပြသတိုင်း ယင်းအကြောင်းကြားစာကိုပေးပို့ရမည်။

၄၉။ (က) ဖျော်ဖြေမှုကို တာဝန်ယူကျင်းပသူသည် ဖျော်ဖြေမှုနှင့် စပ်လျဉ်း၍ ရုံဝင်လက်မှတ်များနှင့် နေရာထိုင်ခင်းအတွက် လက်မှတ်များကိုဝင်ကြေး တူညီသည့် အတန်းအလိုက်၊ နေရာထိုင်ခင်းအမျိုးအစားအလိုက် ခွဲခြား၍ လက်ခံဖြတ်ပိုင်းများနှင့် ထားရှိရမည်။ထို့ပြင် ဝင်ကြေးတူညီသည့် အတန်း သို့မဟုတ်နေရာထိုင်ခင်း အမျိုးအစားတစ်ခုစီအတွက် လက်မှတ်များတူညီ ရမည်။ယင်းလက်မှတ်များကိုစာအုပ်အဖြစ် ချုပ်ထားရမည်။လက်မှတ်ပေါ်တွင် အမှတ်စဉ်၊ဇာတ်ရုံ သို့မဟုတ် ရုပ်ရှင်ရုံအမည်၊နေ့စွဲ၊ ပွဲပြသချိန် ၊ အတန်း ၊နေရာထိုင်ခင်း အမျိုးအစားနှင့် အခကြေးငွေနှုန်းထားကို ဖော်ပြရမည်။ ယင်းလက်မှတ်များဖြင့်သာ ဖျော်ဖြေမှုသို့ ဝင်ခွင့်ပြုရမည်။

(ခ) ဖျော်ဖြေမှုကိုတာဝန်ယူကျင်းပသူသည်မိမိကျင်းပသည့် ဖျော်ဖြေမှုနှင့်စပ်လျဉ်း ၍နေရာထိုင်ခင်းအခြေပြပုံစံကို ပွဲစဉ်အလိုက် သီးခြားထားရှိရမည်။ ယင်းပုံစံတွင် ရောင်းချပြီးသည့်နေရာထိုင်ခင်းကို အမှတ်အသားပြထားရမည်။ ထို့ပြင် ပွဲစဉ်အလိုက် နေ့စဉ်ရောင်းရငွေ စာရင်းကိုလည်း သတ်မှတ်သည့် ပုံစံဖြင့် ထားရှိရမည်။

၅၀။ ဖျော်ဖြေမှုကို တာဝန်ယူကျင်းပသူသည် ဖျော်ဖြေမှုအတွက် ရငွေကြေညာချက်ကို သတ်မှတ်သည့် ပုံစံဖြင့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ စည်းကြပ်မှုအဖွဲ့ထံ ဖျော်ဖြေမှုကျင်းပမည့်နေ့ ကုန်ဆုံးပြီးနောက်တစ်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။

၅၁။ စည်းမျဉ်း ၄၉ နှင့် ၅၀ တို့တွင် မည်သို့ပင်ပါရှိစေကာမူ ၁၉၇၆ ခု မတ်လ ၃၁ ရက်နေ့၌ ၁၉၄၇ ခုနှစ် ပွဲခွန်အက်ဥပဒေ အကျုံးမဝင်သော ဒေသများတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဖျော်ဖြေမှုကို တာဝန်ယူကျင်းပသူသည် ဖျော်ဖြေမှုကျင်းပမည့် ရက်မတိုင်မီ အနည်းဆုံး သုံးရက်ကြိုတင်၍ ဖျော်ဖြေမှုကျင်းပရန် အကြောင်းကြားစာကို သတ်မှတ်ထားသည့်ပုံစံဖြင့် ဖျော်ဖြေမှု ကျင်းပရာဒေသနှင့်ဆိုင်သော စည်းကြပ်မှုအဖွဲ့ထံ ပေးပို့ရမည်။

သို့ရာတွင် လုံလောက်သော အကြောင်းရှိလျှင် ယင်းကာလကို စည်းကြပ်မှုအဖွဲ့က လျှော့ပေါ့၍ လက်ခံနိုင်သည်။ ရုပ်ရှင်ပြသမှုဖြစ်ပါက ရုပ်ရှင်ကားပြောင်းလဲပြသတိုင်း ယင်းအကြောင်းကြားစာကို ပေးပို့ရမည် ၊

(ခ) ဖျော်ဖြေမှုကို တာဝန်ယူကျင်းပသူသည် ဖျော်ဖြေမှုနှင့် စပ်လျဉ်းသော ပွဲစဉ်အလိုက် ရငွေစာရင်းကို ထားရှိရမည်။ထို့ပြင် ဖျော်ဖြေမှုအတွက် နေ့စဉ်ရငွေကြေညာချက်ကို သတ်မှတ်ထားသော ပုံစံဖြင့် စည်းကြပ်မှုအဖွဲ့ထံ ဖျော်ဖြေမှုကျင်းပသည့်နေ့ကုန်ဆုံးပြီးနောက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။

သို့ရာတွင် လုံလောက်သောအကြောင်းရှိလျှင် ယင်းကာကကို စည်းကြပ်မှု အဖွဲ့က တိုးမြှင့်ပေးနိုင်သည် ။

၅၂။ စည်းကြပ်မှုအဖွဲ့သည် ဖျော်ဖြေမှုကိုတာဝန်ယူကျင်းပသူထံမှ ရရှိထားသော ဖျော်ဖြေမှု ရငွေ ကြေညာချက်ကိုလည်းကောင်း၊ အခြားရရှိထားသော သတင်းအချက်အလက်များကို လည်းကောင်း အခြေပြု၍ ပေးဆောင်ရမည့်အခွန်ကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ ခန့်မှန်းစည်းကြပ်တောင်းခံရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူ့အားမဆို ခေါ်ယူစစ်ဆေးနိုင်သည်။လိုအပ်သည့် သတင်းအချက်အလက်များကိုလည်း တောင်းယူနိုင်သည်။

၅၃။ ဖျော်ဖြေမှုကျင်းပရာ အဆောက်အအုံ သို့မဟုတ် နေရာ၏ ပိုင်ရှင်သည်လည်းကောင်း၊ ယင်းတို့ကို အုပ်ချုပ်သူသည်လည်းကောင်း ယင်းအဆောက်အအုံ သို့မဟုတ် နေရာအတွင်း၌ ကျင်းပသော ဖျော်ဖြေမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖျော်ဖြေမှုကို တာဝန်ယူကျင်းပသူက ပေးဆောင်ရမည့်အခွန်ကို ထိုဖျော်ဖြေမှုအတွက်ရငွေမှ နုတ်ယူပေးဆောင်ရန် တာဝန်ရှိသည်။ ထို့ပြင် ယင်းဖျော်ဖြေမှုနှင့် စပ်လျဉ်း၍ ဤအခန်းပါ အခြားသတ်မှတ်ချက်များကိုလည်း လိုက်နာရမည်။

၅၄။ စည်းကြပ်မှုအဖွဲ့ သို့မဟုတ် ယင်းက တာဝန်ပေးအပ်လျှင် မြို့နယ်အခွန်မှူးသည် မိမိနှင့် သက်ဆိုင်သည့် ဒေသအတွင်း ကျင်းပသော မည်သည့်ဖျော်ဖြေမှုကိုမဆို ဝင်ရောက်စစ်ဆေးနိုင်သည်။ ထို့ပြင် ယင်းဖျော်ဖြေမှုနှင့် စပ်လျဉ်း၍ ထားရှိသည့်လက်မှတ်များ၊ နေရာထိုင်ခင်းအခြေပြပုံစံများ ၊စာရင်းများနှင့် အခြားစာရွက်စာတမ်းများကို စစ်ဆေးနိုင်သည်။

## အခန်း ( ၁၇ )

## အခွန်ထမ်းအား ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ခွင့်

၅၅။ ဥပဒေပါကိစ္စများအလို့ငှာ ဥပဒေအရ အခွန်ထမ်းကိုယ်တိုင် ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စမှတစ်ပါး အခွန်ထမ်းက ကိုယ်စားလှယ်ခန့်အပ်ခြင်းခံရသူ မြန်မာနိုင်ငံသားသည် အခွန်ထမ်းကိုယ်စား ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း ( ၁၈ )

## ဆားထုတ်လုပ်သူနှင့်စပ်လျဉ်း၍ စည်းကြပ်ရန်နည်းလမ်းများ

၅၆။ သူတစ်ဦးသည် ဆားထုတ်လုပ်လိုလျှင် ယင်းသို့မထုတ်လုပ်မီ ခုနှစ်ရက်ကြိုတင်၍ ဆားထုတ်လုပ်ရန် အကြောင်းကြားစာကို သတ်မှတ်ထားသည့်ပုံစံဖြင့် သက်ဆိုင်ရာ စည်းကြပ်မှုအဖွဲ့ထံသို့ ပေးပို့ရမည်။

သို့ရာတွင် ၁၉၇၆ ခု ဧပြီလ (၁)ရက်နေ့တွင် ဆားထုတ်လုပ်နေပြီး သူများဖြစ်လျှင်၊ ဆားထုတ်လုပ်ရန် အကြောင်းကြားစာကို သတ်မှတ်ထားသည့် ပုံစံဖြင့် ၁၉၇၆ ခု ဇွန်လ (၃၀) ရက်နေ့ မလွန်မီ သက်ဆိုင်ရာ စည်းကြပ်မှုအဖွဲ့ထံ ပေးပို့ရမည်။

၅၇။ ဆားထုတ်လုပ်သူတိုင်းသည် ဆားထုတ်လုပ်မှုကြေညာချက်ကို သတ်မှတ်ထားသည့်ပုံစံဖြင့် သက်ဆိုင်ရာ စည်းကြပ်မှုအဖွဲ့သို့ ရက်သတ္တပတ်တစ်ပတ်လျှင်တစ်ကြိမ် ၊ သက်ဆိုင်ရာ ရက်သတ္တပတ် တစ်ပတ်ကုန်ဆုံးပြီး သုံးရက်အတွင်း ပေးပို့ရမည်။ ယင်းကြေညာချက်ကို သက်ဆိုင်ရာ စည်းကြပ်မှု အဖွဲ့၏ ကြိုတင် ခွင့်ပြုချက်ဖြင့် တစ်လလျှင် တစ်ကြိမ် စည်းကြပ်မှုအဖွဲ့က သတ်မှတ်သည့် အတိုင်း ပေးပို့နိုင်သည်။

၅၈။ ၁၉၇၆ ခု မတ်လ ၃၁ရက်နေ့တွင် အခွန်စည်းကြပ်ကောက်ခံမှုနှင့် စပ်လျဉ်း၍ The Burma Salt Act , 1917 နှင့် အကျုံးဝင်သော ဆားထုတ်လုပ်သူတစ်ဦးသည် ယင်းနေ့အထိ မိမိထုတ်လုပ်ပြီး မရောင်းချရသေးသဖြင့် အခွန်မဆောင်ရသေးသော ဆားများနှင့် စပ်လျဉ်း၍ ယင်းဆားကို ၁၉၇၆ ခု ဧပြီလ (၁)ရက်နေ့တွင် ထုတ်လုပ်သည့် ဆားဟု မှတ်ယူပြီး ယင်းနေ့ပါဝင်သော ကာလအတွက် ပေးပို့ရမည့် ဆားထုတ်လုပ်မှုကြေညာချက်တွင် ထည့်သွင်း၍ သက်ဆိုင်ရာ စည်းကြပ်မှုအဖွဲ့ထံ ပေးပို့ရမည်။

၅၉။ စည်းကြပ်မှုအဖွဲ့သည်ဆားထုတ်လုပ်သူကပေးပို့သော ကြေညာချက်ကိုလည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ ပေးပို့သော စာရင်းကိုလည်းကောင်း အခြားရရှိထားသော သတင်းအချက်အလက်များကိုလည်းကောင်း၊

အခြေပြု၍ အခွန်ထမ်း ပေးဆောင်ရမည့် အခွန်ကို ခန့်မှန်းစည်းကြပ်၍ တောင်းခံရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူ့အားမဆိုခေါ်ယူစစ်ဆေးနိုင်သည်။ လိုအပ်သည့်သတင်း အချက်အလက်များကိုလည်း တောင်းယူနိုင်သည်။

## *အခန်း ( ၁၈-က )

## သီးနှံ သို့မဟုတ် ကုန်ပစ္စည်းဖြင့် အခွန်ပေးဆောင်ရန် သတ်မှတ်ထားသည့် လက်ကားမှတ်ပုံတင် ပုဂ္ဂလိက လုပ်ငန်းရှင်နှင့် စပ်လျဉ်း၍ အခွန်စည်းကြပ်ကောက်ခံရန် နည်းလမ်းများ

၅၉-က။ လက်ကားမှတ်ပုံတင် ပုဂ္ဂလိကလုပ်ငန်းရှင်သည် လက်ကားမှတ်ပုံတင် လက်မှတ်ရရှိသည့်နေ့မှ တစ်ဆယ်ရက်အတွင်း ယင်းမှတ်ပုံတင်လက်မှတ်၏ မိတ္တူမှန်တစ်စောင်နှင့်အတူ ဘဏ္ဍာနှစ်ကုန်ဆုံးသည့်ကာလအထိ မိမိဝယ်ယူရောင်းချမည့်သီးနှံ သို့မဟုတ် ကုန်ပစ္စည်း၏ ခန့်မှန်းပမာဏကို သတ်မှတ်ပုံစံဖြင့် ရေးသွင်း၍ စည်းကြပ်မှုအဖွဲ့ထံ ပေးပို့ရမည်။ သတ်မှတ်ပုံစံပါ ရေးသွင်းချက်နှင့် အခွန်ကို သတ်မှတ်သီးနှံ သို့မဟုတ် ကုန်ပစ္စည်းဖြင့် လစဉ် ပြည့်ဝစွာ ပေးဆောင်မည်ဖြစ်ကြောင်း ဝန်ခံချက်တို့ကို လုပ်ငန်းရှင် ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ ယင်းပုံစံကို တစ်ဆက်တည်းဖြစ်သော နှစ်များအတွက်လည်း နှစ်စဉ် ဘဏ္ဍာနှစ် စတင်သည့်နေ့မှ တစ်လအတွင်း ပေးပို့ရမည်။

၅၉-ခ။ လက်ကားမှတ်ပုံတင်ရောင်းဝယ်ရေးလုပ်ငန်းရှင်သည် မိမိ၏လုပ်ငန်းနှင့် စပ်လျဉ်း၍ နေ့စဉ်ဝယ်ယူသည့် ပစ္စည်းစာရင်း၊ နေ့စဉ်ရောင်းချသည့်ပစ္စည်းစာရင်း၊ ကုန်ဝယ်ပြေစာနှင့်ကုန်ရောင်းပြေစာများ၊ ငွေစာရင်းစာအုပ်တို့ကို မှန်မှန်ရေးသွင်းပြုစုထားရှိရမည်။

၅၉-ဂ။ (၁) လက်ကားမှတ်ပုံတင် ရောင်းဝယ်ရေး လုပ်ငန်းရှင်သည် လက်ကားရောင်းဝယ်မှု ကြေညာလွှာကို သတ်မှတ်ပုံစံဖြင့် တစ်လလျှင် တစ်ကြိမ် သက်ဆိုင်ရာ လကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း စည်းကြပ်မှုအဖွဲ့ထံ ပေးပို့ရမည်။

*ဝန်ကြီးအဖွဲ့၏ ၂၈-၁၀-၈၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၈၇ ဖြင့် အမြတ်ခွန် စည်းမျဉ်းများ အခန်း (၁၈-က) ကို ဖြည့်စွက်သည်၊ ၂၈-၁၀-၈၇ နေ့တွင် စတင်အကျိုးသက်ရောက်သည်။

(၂) စည်းကြပ်မှုအဖွဲ့သည် စည်းမျဉ်းခွဲ (၁)ပါ ကြေညာလွှာကို ပေးပို့ရန် အကြောင်းကြား နိုင်သည်။

၅၉-ဃ။ စည်းကြပ်မှုအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ ပေးပို့သော စာရင်းကိုလည်းကောင်း၊ အခွန်ထမ်းက ပေးပို့သော လစဉ်ကြေညာလွှာကိုလည်းကောင်း၊ စည်းမျဉ်း ၅၉-ခ အရ အခွန်ထမ်းမှ ပြုစုထားရှိသော စာရင်းများကို လည်းကောင်း၊အခြားရရှိထားသော သတင်းအချက်အလက်များကိုလည်းကောင်း အခြေပြု၍ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန်ကိုခန့်မှန်းစည်းကြပ်တောင်းခံရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူ့အားမဆို ခေါ်ယူစစ်ဆေးနိုင်သည်။ လိုအပ်သည့် သတင်းအချက်အလက်များကိုလည်း တောင်းယူနိုင်သည်။

၅၉-င။ စည်းမျဉ်း ၅၉-ဃ အရ အခွန်စည်းကြပ်တောင်းခံရာ၌ ယင်းစည်းကြပ် တောင်းခံစာတွင် ပေးဆောင်ရမည့်သီးနှံသို့မဟုတ်ကုန်ပစ္စည်းအမျိုးအမည်နှင့်အရေအတွက်၊သွားရောက်ပေးသွင်းရမည့် သီးနှံ သို့မဟုတ် ကုန်ပစ္စည်းကောက်ခံဒိုင်နှင့် မည်သည့်နေ့ရက်အတွင်း ပေးသွင်းရမည်တို့ကို ဖော်ပြ၍ သီးနှံ သို့မဟုတ် ကုန်ပစ္စည်းပေးသွင်းရန် ချလန်သုံးစောင်နှင့်အတူ အခွန်ထမ်းထံ ပေးပို့ရမည်။

၅၉-စ။ လက်ကားမှတ်ပုံတင်ရောင်းဝယ်ရေးလုပ်ငန်းရှင်သည် သီးနှံသို့မဟုတ် ကုန်ပစ္စည်းဖြင့် ပေးဆောင်ရမည့်အခွန်ကို သီးနှံ သို့မဟုတ် ကုန်ပစ္စည်းဖြင့် ကောက်ခံဒိုင်သို့ သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင်ရမည်။ ယင်းသို့ ပေးသွင်းရန် ပျက်ကွက်လျှင် ဥပဒေပုဒ်မ ၂၂အရ ဒဏ်တပ်ရိုက်နိုင်သည်။တပ်ရိုက်သည့်ဒဏ်ကို သီးနှံ သို့မဟုတ် ကုန်ပစ္စည်းဖြင့် ပေးဆောင်စေရမည်။

၅၉-ဆ။ သီးနှံသို့မဟုတ် ကုန်ပစ္စည်းကောက်ခံဒိုင်သည် သီးနှံ သို့မဟုတ် ကုန်ပစ္စည်းပေးသွင်းရန်ချလန်တွင်ပါရှိသည့်သီးနှံသို့မဟုတ် ကုန်ပစ္စည်းအမျိုးအစားနှင့်အရေအတွက်ကို စစ်ဆေးချိန်တွယ်လက်ခံ၍ လက်ခံရရှိကြောင်းကို ချလန်များပေါ်တွင် လက်မှတ်ရေးထိုးပြီး မူရင်းကို မိမိလက်ခံအဖြစ်သိမ်းဆည်း၍ ဒုတိယမူရင်းကို အခွန်ပေးသွင်းသူသို့လည်းကောင်း၊ တတိယမူရင်းကို စည်းကြပ်မှုအဖွဲ့သို့လည်းကောင်း ပေးပို့ရမည်။

၅၉-ဇ။ သီးနှံ သို့မဟုတ် ကုန်ပစ္စည်းကောက်ခံဒိုင်သည် မိမိလက်ခံရရှိသည့် သီးနှံ သို့မဟုတ် ကုန်ပစ္စည်းများစာရင်းကို သတ်မှတ်ထားသည့်အတိုင်းပြုစု၍သီးနှံ သို့မဟုတ် ကုန်ပစ္စည်းလွှဲပြောင်းလက်ခံရယူသည့် သက်ဆိုင်ရာ အဖွဲ့အစည်းသို့ လစဉ်လကုန်ဆုံးပြီး ခုနစ်ရက်အတွင်း ပေးပို့ရမည်။

၅၉-ဈ။ အခွန်အဖြစ်ပေးသွင်းသော သီးနှံ သို့မဟုတ် ကုန်ပစ္စည်းများကို လက်ခံရယူသည့် အဖွဲ့အစည်း သို့မဟုတ် ကော်ပိုရေးရှင်းသည် မိမိတို့ လက်ခံရရှိသည့် သီးနှံ သို့မဟုတ် ကုန်ပစ္စည်းများအတွက် ကျသင့်တန်ဖိုးကို သက်ဆိုင်ရာဝန်ကြီးဌာနများအတွက် ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် နှုန်းထားများဖြင့် တွက်ချက်၍ လစဉ်ပြည်တွင်းအခွန်များဦးစီးဌာန ငွေစာရင်းခေါင်းစဉ်ဖြင့် သက်ဆိုင်ရာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။ ပေးချေသည့်ငွေနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလအတွင်း လက်ခံရှိသည့် ချလန်အမှတ်နှင့် နေ့စွဲ၊ သီးနှံ သို့မဟုတ် ကုန်ပစ္စည်းအမျိုးအစား၊အရေအတွက်၊ဈေးနှုန်းနှင့် ကျသင့်သည့် တန်ဖိုးတို့ကို ဖော်ပြသည့် စာရင်းအား သက်ဆိုင်ရာမြို့နယ်၊ အခွန်ဦးစီးဌာနမှူးသို့ ပေးပို့ရမည်။

၅၉-ည။ စည်းကြပ်မှုအဖွဲ့ သို့မဟုတ် ယင်းကတာဝန်ပေးအပ်လျှင် မြို့နယ်အခွန်မှူးသည် မိမိနှင့် သက်ဆိုင်သော ဒေသအတွင်း မည်သည့်လက်ကားရောင်းဝယ်ရေးလုပ်ငန်းကိုမဆို ဝင်ရောက်စစ်ဆေးနိုင်သည်။ထို့ပြင်စည်းမျဉ်း၅၉-ခအရ ထားရှိသည့်စာရင်းများနှင့် အခြားစာရွက်စာတမ်းများကို စစ်ဆေးနိုင်သည်။

၅၉-ဋ။ ဥပဒေပုဒ်မ ၁၈ အရ အခွန်ပြန်အမ်းရန်ရှိလျှင် ယင်းသို့ ပြန်အမ်းရန်ရှိသည့် အခွန်ကို သီးနှံ သို့မဟုတ် ကုန်ပစ္စည်းလက်ခံရယူခဲ့စဉ်က အခွန်အဖြစ် လွှဲပြောင်းပေးသည့် ဈေးနှုန်းဖြင့်တွက်ချက်ရရှိသော ငွေသားဖြင့် ပြန်အမ်းရမည်။

၅၉-ဌ။ လက်ကားမှတ်ပုံတင် ပုဂ္ဂလိကလုပ်ငန်းရှင်သည် အခွန်ကို သီးနှံ သို့မဟုတ် ကုန်ပစ္စည်းဖြင့် ပေးဆောင်ရန် သတ်မှတ်သည့်ကာလအတွက် အခွန်စည်းကြပ်မှုမှ ကင်းလွတ်နေကြောင်း သို့မဟုတ် အခွန်လျော့နည်းစည်းကြပ်ခဲ့ကြောင်း စည်းကြပ်မှုအဖွဲ့က တွေ့ရှိ၍ ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ (က)အရ စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှုပြုလုပ်လျှင် ကျသင့်သော အခွန် သို့မဟုတ် ထပ်မံ တောင်းခံသော အခွန်ကို သီးနှံ သို့မဟုတ် ကုန်ပစ္စည်းဖြင့် ပေးဆောင်စေရမည်။

၅၉-ဍ။ ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (က)အရ မည်သည့်အယူခံအဖွဲ့သို့ အယူခံဝင်ရောက်ရမည် ဆိုသောအချက်နှင့် စပ်လျဉ်း၍ အခွန်ငွေပမာဏကို တွက်ချက်ရာတွင် အခွန်ထမ်းက ပေးဆောင်ခဲ့သော သီးနှံ သို့မဟုတ် ကုန်ပစ္စည်းအပေါ် သက်ဆိုင်ရာအဖွဲ့အစည်းက သတ်မှတ်ခဲ့သည့် တန်ဖိုးအတိုင်း ဖြစ်စေရမည်။

## အခန်း ( ၁၉ )

## အယူခံရာတွင် လိုက်နာရမည့် နည်းလမ်းများ

၆၀။ (က) ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ အပိုဒ် (၁) အရ ပြည်နယ် သို့မဟုတ် တိုင်းအယူခံအဖွဲ့ထံ အယူခံလွှာ ကို သတ်မှတ်ထားသည့်ပုံစံဖြင့် ပေးပို့ရမည်။

(ခ) ပြည်နယ် သို့မဟုတ် တိုင်းအယူခံအဖွဲ့ထံ ပေးပို့သည့် အယူခံလွှာကို အောက်ပါတို့နှင့် အတူ ပူးတွဲပေးပို့ရမည် -

(၁)သက်ဆိုင်ရာငွေတောင်းခံလွှာ၊ သို့မဟုတ်

(၂) အယူခံသူက မကျေနပ်သည့် အမိန့်မိတ္တူ

(ဂ) ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ အပိုဒ် (၂)အရ ဗဟိုအယူခံအဖွဲ့ထံ အယူခံလွှာကို သတ်မှတ်ထားသည့်ပုံစံဖြင့် မကျေနပ်သည့် အမိန့်မိတ္တူကို ပူးတွဲ၍ ပေးပို့ရမည်။

## အခန်း ( ၂၀ )

## စည်းကြပ်ရာဒေသ သတ်မှတ်ခြင်း

၆၁။ အခွန်ထမ်းအား အောက်ပါဒေသတို့တွင် အခွန်စည်းကြပ်ကောက်ခံရမည် -

(က) အခွန်ထမ်း၏ လုပ်ငန်းတည်ရှိရာ မြို့နယ်၊ လုပ်ငန်းတစ်ခုထက် ပိုရှိလျှင် အဓိကလုပ်ငန်း တည်ရှိရာမြို့နယ်၊

(ခ) မြေ သို့မဟုတ် အဆောက်အဦး ငှားရမ်းခြင်းမှ ဝင်ငွေအတွက် သော်လည်းကောင်း၊ အခြေပစ္စည်းမှ မြတ်စွန်းငွေအတွက် သော်လည်းကောင်းဖြစ်လျှင်၊ အခွန်ထမ်းနေထိုင်ရာ မြို့နယ်။

(ဂ) အပိုဒ် (က) အရ လက်တွေ့ဆောင်ရွက်ရာတွင် ခက်ခဲသည့်ကိစ္စများ၌ အခွန်ထမ်းနေထိုင်ရာမြို့နယ်။

၆၂။ စည်းကြပ်ရန် ဒေသနှင့် စပ်လျဉ်း၍ အငြင်းပွားချက်ရှိလျှင် မြို့နယ်တစ်ခုအတွင်း ဖြစ်ပါက ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ကလည်းကောင်း၊ ပြည်နယ် သို့မဟုတ် တိုင်းတစ်ခုအတွင်းဖြစ်ပါက ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ကလည်းကောင်း၊ ကျန်ကိစ္စများတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးကလည်းကောင်း ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း ( ၂၁ )

## အခွန်ထမ်းက ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန်စည်းကြပ်ကောက်ခံရန် တင်ပြသည့်အခါ ဆောင်ရွက်ရန် နည်းလမ်းများ

၆၃။ သူတစ်ဦးသည် ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က)အရ ဝင်ငွေခွန်ဥပဒေနှင့်အညီ ဝင်ငွေခွန်စည်းကြပ်ကောက်ခံစေလိုလျှင် ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထားရာတွင် အောက်ပါအထောက်အထားများကို ပူးတွဲတင်ပြရမည် -

(က) စာရင်းကိုင်နည်းစနစ်များအရ လိုအပ်သော စာရင်းစာအုပ်၊ စာရွက်စာတမ်းများ အပြည့်အစုံစာရင်း

(ခ) စာရင်းစစ်၊လက်မှတ်ရစာရင်းစစ်တစ်ဦးဦးကသက်သေခံလက်မှတ် ရေးထိုးထားသော နှစ်ချုပ်စာရင်းများ

(ဂ) အမြတ်ခွန် သို့မဟုတ် ဝင်ငွေခွန် ဥပဒေအရ ပြီးပြတ်သော စည်းကြပ်မှု ရှိခဲ့လျှင် ပြီးပြတ်သည့် နောက်ဆုံး စည်းကြပ်နှစ်သုံးနှစ်အတွက် စည်းကြပ်သတ်မှတ်သော ဝင်ငွေနှင့် ယင်းနှစ်အတွက် စာရင်းများကို လက်ခံစည်းကြပ်ရန် ရှိ-မရှိ မှတ်ချက် ။

## အခန်း ( ၂၂ )

## ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ ဝင်ငွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ဝင်ငွေနှင့် ဆေးပေါ့လိပ်လုပ်ငန်းမှဝင်ငွေတို့အတွက် အခွန်တွက်ချက်ရန် နည်းလမ်းများ

၆၄။ အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေတွင် ပစ္စည်းထုတ်လုပ်မှုမှ ဝင်ငွေ၊ သို့မဟုတ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ဝင်ငွေ သို့မဟုတ် ဆေးပေါ့လိပ်ထုတ်လုပ်မှုလုပ်ငန်းမှ ဝင်ငွေ၊ ယင်းဝင်ငွေတစ်ရပ်ရပ်ပါရှိလျှင် အဆိုပါဝင်ငွေတစ်မျိုးစီအတွက်ဥပဒေ၏ နောက်ဆက်တွဲဇယားအပိုဒ် ၁ အရ နုတ်ပေးရမည့်ငွေ၊ သို့မဟုတ် ထပ်ဆောင်းပေးရမည့်ငွေကို အောက်ပါပုံသေနည်းဖြင့် တွက်ချက်ရမည်။

$$\frac{က \times ဂ}{၁၀ \times ခ}$$

မှတ်ချက်။

‘က’ သည်ဆိုင်ရာကုန်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သို့မဟုတ် ဆေးပေါ့လိပ်ထုတ်လုပ်မှုလုပ်ငန်းမှ ဝင်ငွေဖြစ်သည်။

‘ခ’ သည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေဖြစ်သည်။

‘ဂ’ သည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေအပေါ် ဇယားပါကျသင့်သော အခွန်ဖြစ်သည်။

## အခန်း ( ၂၃ )

## မူလစည်းကြပ်မှုကို ပြုပြင်သောအယူခံအမိန့်နှင့်အညီ မူလတပ်ရိုက်သည့် ဒဏ်ငွေကို ပြင်ပေးရန် နည်းလမ်းများ

၆၅။ အပြီးသတ် အတည်ဖြစ်သော အယူခံအမိန့်အရ ကျသင့်သော အခွန်သည် မူလစည်းကြပ်မှုအရ ကျသင့်သော အခွန်နှင့် ကွာခြားလျှင် စည်းကြပ်မှုအဖွဲ့သည် မူလစည်းကြပ်မှုအရ ကျသင့်သော အခွန်အပေါ် အခြေပြု၍ ဥပဒေပုဒ်မ ၂၂ အရ တပ်ရိုက်ခဲ့သော ဒဏ်ငွေကို ပြင်ပေးရမည်။ ယင်းသို့ ပြင်ပေးရာ၌ အယူခံအမိန့်အရ ကျသင့်သော အခွန်အပေါ် အခြေပြုရမည် ။

## အခန်း ( ၂၄ )

## သေဆုံးသူနှင့် တရားဝင်မစွမ်းဆောင်နိုင်သူတို့နှင့်စပ်လျဉ်း၍

## စည်းကြပ်ကောက်ခံရန် နည်းလမ်းများ

၆၆။ ။အောက်ပါတို့အတွက် တရားဝင်ကိုယ်စားလှယ်အားဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရ တာဝန်ရှိသူအားဖြစ်စေ အခွန်စည်းကြပ်ကောက်ခံရမည် -

(က) သေဆုံးသူ

(ခ) အကြောင်းတစ်ခုခုကြောင့် တရားဝင်မစွမ်းဆောင်နိုင်သူ။

သို့ရာတွင် ယင်းတရားဝင်ကိုယ်စားလှယ်၊သို့မဟုတ် တာဝန်ရှိသူအနေဖြင့် ဤစည်းမျဉ်းအရ ပေးဆောင်ရမည့် အခွန်မှာ ယင်းတို့ တာဝန်ယူထားသည့် ပစ္စည်း၏ ပေးဆောင်နိုင်စွမ်း ရှိသမျှ အထိသာ ဖြစ်စေရမည်။

## အခန်း ( ၂၅ )

## ငွေစုဆောင်းမှုနှင့်စပ်လျဉ်း၍ အခွန်မကျသင့်သည့်ရငွေများ

၆၇။ ။ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)၊ အပိုဒ် (၃)အရ ငွေစုဆောင်းမှုနှင့်စပ်လျဉ်း၍ အခွန်မကျသင့်သော ရငွေဆိုသည်မှာ အောက်ပါတို့ဖြစ်သည် -

(၁) နိုင်ငံတော်က စီစဉ်ပေးသည့် အိုနာစာရန်ပုံငွေမှ ပြန်လည်ထုတ်ယူရရှိသောငွေ၊ သို့မဟုတ် ယင်းရန်ပုံငွေမှအတိုး၊

(၂) မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေအရ အသိအမှတ်ပြုထားသော အိုနာစာ ရန်ပုံငွေမှ ပြန်လည်ထုတ်ယူရရှိသောငွေ၊ သို့မဟုတ် ယင်းရန်ပုံငွေမှအတိုး၊

(၃) မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေအရအသိအမှတ်ပြုထားသောသက်ပြည့်အငြိမ်း စား ရန်ပုံငွေမှ ပြန်လည်ထုတ်ယူရရှိသောငွေ၊ သို့မဟုတ် ယင်းရန်ပုံငွေမှအတိုး

(၄) နိုင်ငံတော်က စီစဉ်ပေးသည့် စုဆောင်းခြင်းနှင့်ဆိုင်သော အစီအစဉ် တစ်ရပ်ရပ်မှ ပြန်လည်ထုတ်ယူရရှိသောငွေ သို့မဟုတ် ယင်းအစီအစဉ်မှ အတိုး။

## အခန်း ( ၂၆ )

## အထွေထွေ

၆၈။ ။ဥပဒေနှင့် စည်းမျဉ်းများပါ ပြဋ္ဌာန်းချက်များကို လွယ်ကူစွာလိုက်နာဆောင်ရွက်နိုင်ရန် အလို့ငှာ စီမံကိန်းနှင့် ဝန်ကြီးဌာနဝန်ကြီးသည် ပုံစံများကို ထုတ်ပြန်ကြေညာနိုင်သည်။

အမိန့်အရ

လှတင့်

အတွင်းရေးမှူး (ကိုယ်စား)

ဝန်ကြီးအဖွဲ့။

စာအမှတ် ၅၆ ဝဖ ၇၆ (၉) (၂)

ရန်ကုန်မြို့၊ ၁၃၃၈ ခု နယုန်လဆန်း ၁၃ရက်။

( ၁၉၇၆ ခု၊ ဇွန်လ ၉ ရက် )

မိတ္တူကို-

၁။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်။

(နိုင်ငံတော်ကောင်စီရုံးမှတစ်ဆင့်)

၂။ နိုင်ငံတော်သမ္မတရုံး၊

၃။ နိုင်ငံတော်ကောင်စီရုံး၊

၄။ ပြည်သူ့လွှတ်တော်ရုံး၊

၅။ ဗဟိုပြည်သူ့တောင်သူလယ်သမားကောင်စီ၊ (နိုင်ငံတော်ကောင်စီရုံးမှ တစ်ဆင့်၊)

၆။ ဗဟိုပြည်သူ့အလုပ်သမားကောင်စီ၊ (နိုင်ငံတော်ကောင်စီရုံးမှ တစ်ဆင့်)၊

၇။ ပြည်သူ့တရားသူကြီးအဖွဲ့၊

၈။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊

၉။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊

၁၀။ ဝန်ကြီးဌာနအားလုံး၊

၁၁။ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အားလုံး၊

၁၂။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အားလုံးတို့ထံသို့ ပေးပို့ပါသည်။

အမိန့်အရ

ဘသွင်

ဒုတိယဌာနမှူး

ဝန်ကြီးအဖွဲ့